ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်၊ ကြာသပတေးနေ့ (19-9-2013) (၇၆၀၀)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၈-၉-၂၀၁၃

သံတွဲ	၅	ဒသမ	၁၆	လက်မ
တောင်ကုတ်	၂	ဒသမ	၉၅	လက်မ
ဝ	၂	ဒသမ	၄၈	လက်မ
မာန်အောင်	၂	ဒသမ	၂၀	လက်မ
သိမ်ဇရပ်	၂	ဒသမ	၀၉	လက်မ
ရေး	၁	ဒသမ	၉၆	လက်မ
ကျိုက္ခမီ	၁	ဒသမ	၆၉	လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မြေယာကိစ္စများကို ဖြေရှင်းရာတွင် ခိုင်မာသည့်ကျိုးကြောင်းဖော်ပြချက်များနှင့်အညီ တင်ပြ အမှုတွဲများကို မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၃) ကို ယနေ့ နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဦးမြင့်လှိုင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်နှင့် ဦးမောင်မြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးစီး

သတင်းနှင့်ဓာတ်ပုံ » ရှိုင်းထက်ဇော်

၂၀၁၃ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်တည်းယှဉ်ပြိုင်ကစားကြသည်။

(သုဝဏ္ဏကွင်း)

ဂျပန်ယူ-၂၃ - သုံးဂိုး။ မြန်မာ - ဂိုးမရှိ။

အိမ်ရှင်မြန်မာအသင်းမှာ အုပ်စု ပထမနေရာမျှော်လင့်ချက်အတွက် ကြိုးစားကစားသွားခဲ့သည်။ အသင်းခေါင်းဆောင် စန်းစန်းမော်၊ ခင်မာလာထွန်း၊ ရီရီဦး၊ သန်းသန်းထွေးတို့ဖြင့် မြန်မာအသင်းလူစုံထုတ်ကစားခဲ့ပြီး ပထမပိုင်းတွင် ဂျပန်အသင်းဘက်ကို ဖိအားပေးနိုင်ခဲ့သည်။ သို့သော် ဂိုးမသွင်းနိုင်ခဲ့၍ ဒုတိယပိုင်းတွင် ဂျပန်အသင်း၏ဖိအားပေးခြင်းကို ခံခဲ့ရပြီး ၅၄ မိနစ်တွင် မီယုကီ၏ ဦးဆောင်ဂိုးကို ခွင့်ပြုခဲ့ရသည်။ မြန်မာအသင်း ချေပဂိုးရရန် တရစပ်ကြိုးစားသော်လည်း ဂျပန်အသင်းက ပွဲပြီးခါနီးတွင် အနိုင်ဂိုးများထပ်မံသွင်းယူခဲ့ပြီး ၈၃ မိနစ်တွင် ဟာရှီယူရာ၊ ၈၅ မိနစ်တွင် မီယုကီတို့က ဂိုးများသွင်းယူပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❒

မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မြစ်ရေကြီးမှုအခြေအနေများ

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စက်တင်ဘာ ၁၄ ရက် ဝ၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် စက်တင်ဘာ ၁၈ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံစာတည်းရှုထောင့် ၁၉-၉-၂၀၁၃၊ ကြာသပတေးနေ့

မိုဘိုင်းနှင့် လျှပ်စစ်အန္တရာယ်

မိမိတို့နိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးလီ၊ ရာသီဆယ့်နှစ်လ အချိုးမျှညီ ပုံမှန်လည်ပတ်လျက်ရှိနေသည်။ ဥတုရာသီအလိုက် ကြုံတွေ့ရမြဲ မီးဘေး၊ ရေဘေး၊ လေဘေး သဘာဝဘေးအန္တရာယ်ဟူသမျှ ကြိုတင်ပြင်ဆင် သတိ လစ်ဟင်းမရှိစေရေး အမြဲအသင့်ရှိနေတတ်ကြသည်။ ယခုလို မိုးကာလများတွင် ကမ်းရိုးတန်းနေပြည်သူများ ရေဘေး၊ လေဘေးဒဏ် အမြဲလိုလိုခံနေကျမို့ ရိုးအီနေကြပါပြီ။ ကြိုတင်ပြင်ဆင်ပုံမှန်အလုပ်တစ်ခုပမာ ပေါ့ပေါ့ပါးပါးနှင့် နေသားတကျရှိနေကြသည်။ ပွင့်လင်းရာသီရောက်ပြီဆိုလျှင်လည်း နိုင်ငံတစ်ဝန်းကြုံရမြဲ မီးဘေးအန္တရာယ်ကို မီးဘေးရှောင် မလောင်ခင်တားနိုင်ရေး အလေးပေးဆောင်ရွက်ကြရသည်။ နိုင်ငံတော်အဆိုတော်ကြီး ဦးထွန်းရွှေ၏ "မီးသတိပြု" သီချင်းသံစဉ်နှင့်အတူ တစ်နိုင်ငံလုံးနိုးနိုးကြားကြားနှင့် ကြိုတင်ပြင်ဆင်လှုပ်လှုပ်ရှားရှားရှိနေတတ်ကြသည်။

လူသားများရှင်သန်ရေးတွင် "မြေ၊ ရေ၊ လေ၊ မီး၊ အာကာသ" ဓာတ်ကြီးငါးပါး အချိုးမျှညီ ပေါင်းစည်းပေးထားနိုင်မှုက ပဓာနကျသည်။ ထိုထိုသောဓာတ်ကြီးငါးပါးအနက် တစ်ပါးပါးကချွတ်ယွင်းကာ ဟန်ချက်မညီ ဖြစ်လာခဲ့ပြီဆိုသည်နှင့် မြေကမ္ဘာ၏ဂေဟစနစ် ပျက်စီးလာခဲ့ရသည်။ ရာသီဥတုကမောက်ကမနှင့်ထိန်းမနိုင်သိမ်းမရ ဖောက်လွဲဖောက်ပြန် ပြောင်းဆန်လာသည်။ ကမ္ဘာနှင့်အဝှမ်းလက်ရှိဖြစ်စဉ်ဖြစ်ရပ်များကား ငြင်းမရသည့် အချက်ဖြစ်သည်။ လူသားများအတွက် ဤဓာတ်ကြီးငါးပါးသည် 'မရှိမကောင်း၊ ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်' ဆိုရမလို ဖြစ်လာပြီ။ ရာသီဥတုဖောက်ပြန်မှုဟူသမျှ သတ္တုချကြည့်လျှင် အားလုံးသည်လူတို့၏ ပယောဂကြောင့်ဟု ဆိုရပါလိမ့်မည်။

လက်ရှိကမ္ဘာနှင့်အဝှမ်း မိုးခေါင်၊ ရေကြီး၊ မုန်တိုင်းဝင်မွှေနှင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနေကြရချိန် မိမိတို့နိုင်ငံတွင်လည်း မိုးနည်းရေရှားဒေသအညာတစ်ခွင်မှာ မိုးရေမြစ်ရေဖွေးဖွေးလှုပ်လှုပ်နှင့် မကြုံစဖူး ရေဘေးဒုက္ခကြုံနေရသည်။ မိုးရာသီမို့ နိယာမဟုဖြေသာလေသည်။ သဘာဝနှင့် ဆန့်ကျင်သည့် မိုးတွင်းကာလ မီးလောင်ကျွမ်းနေမှုများက ထူးခြားသယောင်ဖြစ်နေသည်။ ဩဂုတ်လအတွင်း တစ်နိုင်ငံလုံးမီးလောင်မှု ၆၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ၁၅ ကြိမ်ဖြင့် မီးလောင်ကျွမ်းမှုအများဆုံး စံချိန်တင်ခဲ့ကြောင်းသိရသည်။ မီးလောင်ကျွမ်းမှု အားလုံးနီးပါးသည် လူတို့၏ပေါ့ဆမှုကြောင့်ဖြစ်သည်။ အထူးသဖြင့် လျှပ်စစ်အပူလွန်မှုကြောင့် မီးလောင်မှုအများဆုံး ဖြစ်နေရခြင်း။ ထူးခြားချက်တစ်ခုမှာ လျှပ်စစ်မီးမရှိသော ကျေးလက်ဒေသများတွင် မိုးကာလမီးဘေးအန္တရာယ် လုံးဝမရှိခြင်းပင်ဖြစ်သည်။

ယခုလ၏ထူးခြားမီးသတင်းတစ်ပုဒ် မန္တလေးအောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်မှာ ဖြစ်ပွားခဲ့သည်။ ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း။ အထူးသတိထားသင့်သည့် အချက်ဖြစ်သည်။ ယခု မိမိတို့နိုင်ငံတွင် ကျေးလက်ရော မြို့ပါမကျန် လူတိုင်းမိုဘိုင်းဖုန်းကိုယ်စီရှိလာကြတော့မည်။ နိုင်ငံတော်ကလည်း မြို့ပြ ကျေးလက်တစ်နိုင်ငံလုံးလွှမ်းခြုံ၍ လျှပ်စစ်မီးလင်းနိုင်ရေး အားသွန်ခွန်စိုက်ရှိလာနေပြီ။

လျှပ်စစ်နှင့် မိုဘိုင်းဖုန်းသည် နေ့နေ့ညညအမြဲမပြတ်ထိတွေ့မှုရှိနေကြသည်။ သံယောဇဉ်နှောင်ကြိုးနှစ်ပင် ကင်းကွာ၍မရစကောင်းသော မောင်နှံနှစ်ဦးပမာ။ စနစ်တကျမရှိ၊ ပေါ့တီပေါ့ဆ သတိလစ်ဟင်းနေသမျှ အချိန်မရွေး၊ နေရာမရွေး ဒုက္ခပေးနိုင်သည့်လူ့အသုံးအဆောင်နှစ်မျိုး။ မန္တလေး ညောင်ကွဲမီးက မီးမောင်းထိုးပြလျက်ရှိနေသည်။

ပုံပြင်လေးတစ်ပုဒ်ကြားဖူးပါသည်။ ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဘုန်းကြီးကျောင်းသား ငပျော့ကြီးဆိုသူ တစ်ဦးရှိသည်။ ကျောင်းမှာပြဿနာဖြစ်တိုင်း ငပျော့ကြီးက ပါစမြဲ။ "ဘုန်းဘုန်းဘုရား ရန်ဖြစ်နေပါပြီ. . " တိုင်လိုက်တိုင်း ငပျော့ကြီးအမည်ထိပ်ဆုံးက။ ဘုန်းဘုန်းမနေသာ အမိန့်ထုတ်ထားရသည်။ "နောက် နောင်ပြဿနာဖြစ်ရင် ပျော့ကြီးပါမယ်ဆိုတာ ငါသိပြီးသား၊ နောက်တစ်ယောက်နာမည်ကိုသာပြော" ဟူ၏။

သို့ဖြစ်၍ သတိမမူကြလျှင်ဖြင့် နောင်အနာဂတ် လျှပ်စစ်မီးဘေးအန္တရာယ်ဟူသမျှ သတိပြုစရာဖြစ်ပေရာ ယခုမိုဘိုင်းနှင့် နောက်ဆက်တွဲအန္တရာယ်တို့ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း။ ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဗဟုသုတများ ရရှိစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ဆောင်ရွက်နေမှုအခြေအနေနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးရခြင်းအကြောင်းတို့ကို လည်းကောင်း၊ အမှတ်(၄၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရဲအုပ်ဝင်းလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး အချက်အလက်များအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်ကြည်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဖိုးသောကြာနှင့် နိုဘယ်ကျော်ကျော်တို့က ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ အား အခမ်းအနားသို့ တက်ရောက်လာသော ဆိုင်ကယ်မောင်းနှင်သူများထံသို့ လိုက်လံပေးအပ်ခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ရွှေဈေး၊ ဓာတ်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်	ရွှေဈေး	၆၉၁၀၀၀	- ၆၉၂၀၀၀
မန္တလေး	ရွှေဈေး	၆၉၁၀၀၀	- ၆၉၂၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၉. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၆၆၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၁၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၃၆၉
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၀. ၉၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၉. ၈၇၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၈. ၇၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၁. ၉၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် မြန်မာကျောင်းသားများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး နေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးတင်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် မြန်မာကျောင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်နေမှုအခြေအနေများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေအနေများ၊ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ**(ယာပုံ)**၊ စားသောက်ဖွယ်ရာများနှင့် ပညာသင်ချီးမြှင့်ငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခင်ဦး-မုံရွာသွား မီးရထား(လူစီးလော်ကယ်) ရထားမောင်းကျွမ်းကျင်မှုကြောင့် အန္တရာယ်မှလွတ်မြောက်

ခင်းဦး စက်တင်ဘာ ၁၈

ခင်ဦး-မုံရွာ မီးရထားလမ်းရှိ တံတားအမှတ်(၃၀၆)မှာ ရေတိုက်စား၍ ပျက်စီးနေသော်လည်း ရထားစက်ခေါင်းမောင်း၏ သတိနှင့်လုပ်ငန်းအတွေ့အကြုံအရ ခရီးသည် ၂၀၀ ခန့်၏ အသက်နှင့် ရထားပျက်စီးဆုံးရှုံးမှုတို့ဘေးအန္တရာယ်ကြားမှ ကာကွယ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးဘူတာမှ မီးရထားစက်ခေါင်းအမှတ် (DD-949)၊ ရထားအမှတ် (၆၀) အစုန် လူစီးလော်ကယ်ရထားမှာ စက်ခေါင်းမောင်း(၂) ဦးခင်ဦး၊ လက်ထောက်(၁) ဦးအောင်ကျော်ဦး၊ ရထားထိန်း ဦးအောင်မြင့်ခိုင်တို့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၅ နာရီတွင် မုံရွာသို့ စတင်ထွက်ခွာလာခဲ့ကြောင်း၊ မိုးမှောင်ကျနေပြီး အလင်းရောင် ထင်ထင်ရှားရှား မမြင်ရသေး၍ ရှေ့မီးမောင်းကြီးဖွင့်လျက် မောင်းနှင်လာခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မိုင်တိုင်အမှတ် (၅၂၁/၁-၂) ကြားတွင်ရှိသော တံတားအမှတ် (၃၀၆) မူးတိမ်ချောင်းတံတားအနီး ရှေ့မီးရောင်အဆုံး၌ တံတားပေါ်ရှိ သံလမ်းအနည်းငယ်ကွေးပြီး နိမ့်နေကြောင်း စက်ဗိုလ်က မူမမှန်သော မြင်ကွင်းကို သိရှိရ၍ အန္တရာယ်အနေအထားဟု အမြန်ဆုံး ဆုံးဖြတ်ချက်ချကာ တွဲဆိုင်းဘရိတ်အား အသုံးပြုပြီး ရထားကို အမြန်ဆုံး ရပ်တန့်ခဲ့ရာ တံတားအနီးပေ ၂၀ ခန့်အကွာ၌ ရထားအားရပ်တန့်နိုင်ခဲ့ကြောင်း သိရှိရသည်။

တံတားအမှတ် (၃၀၆) သည် မိုးရွာသွန်းမှုကြောင့်လည်းကောင်း၊ ဆည်မြောင်းရေများစီးဝင်မှုကြောင့်လည်းကောင်း၊ တံတားကာတာ (သံပေါင်) ရေထဲပြုတ်ကျပြီး ကမ်းကပ်ခုံသည် ရေထဲမျောပါသွားကာ ရထားသံလမ်းများသာ တွဲလျောင်းကျန်ရစ်နေကြောင်း သိရသည်။

ရထားစီးခရီးသည် တစ်ဦးက ရထားစက်ခေါင်းစက်ဗိုလ်မှာ သတိနှင့်လုပ်ငန်းအတွေ့အကြုံရှိ၍ ရထားနှင့် ခရီးသည် ၂၀၀ ခန့်တို့၏ အသက်အန္တရာယ်နှင့် ပစ္စည်းများဆုံးရှုံးမှုမဖြစ်ပေါ်ခဲ့ကြောင်း၊ သို့မဟုတ်ပါက ဆက်လက်ပြီး တံတားကို ဖြတ်သန်းသွားမိခဲ့လျှင် မတွေးရဲစရာဖြစ်မိကြောင်း၊ ရထားစက်ဗိုလ်နှင့် ဝန်ထမ်းများကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

တံတားအမှတ် (၃၀၆) ပျက်စီးသွား၍ ရထားအသွားအလာ ပျက်သွားသော်လည်း ရထားစီးခရီးသွားပြည်သူများ၊ အဝေးသင်တက္ကသိုလ်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်အတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများက အမြန်ဆုံး ပြုပြင် တည်ဆောက်ပေးမှုကြောင့် စက်တင်ဘာ ၁၈ ရက် နံနက်မှစ၍ ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

(ရောင်နီတင်ဝင်း)

❍ မြစ်ရေကြီးမှုမှ

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း သိရသည်။

(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

❐ အာဆီယံမှ

(အောင်ဆန်းကွင်း)
ဖိလစ်ပိုင် - ခုနစ်ဂိုး။
လာအို - နှစ်ဂိုး။

အုပ်စု (ခ) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဂျပန်ယူ-၂၃ အသင်းက လေးပွဲနိုင် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ အိမ်ရှင်မြန်မာအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ဖြင့် အုပ်စုဒုတိယတို့ ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဩစတြေးလျယူ-၁၉ အသင်းနှင့် မြန်မာအသင်း၊ ဂျပန်ယူ-၂၃ အသင်းနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial-2 (DVB-T2) သို့ ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free To Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော် (ပျဉ်းမနား)ရှိ စက်ရုံသုံးရုံမှ အောက်တိုဘာ ၁၅ ရက်မှ စတင်၍ ပုံမှန် ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး (ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကို လည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ရုံကိုလည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့်လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set -top Box များ တပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International (MI Channel)၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမား ရုပ်သံလိုင်း (Farmers Channel) စသဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free To Air စနစ်ဖြင့် ကနဦးထည့်သွင်း ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများအပါအဝင် ချန်နယ်များကို တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ်ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ဆီးရီးယား၌ ဓာတုလက်နက် အမြန်ဆုံးဖျက်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ဝါရှင်တန် စက်တင်ဘာ ၁၈

ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက်များကို မြန်နိုင်သမျှ အမြန်ဆုံး ဖျက်ဆီးပစ်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၁၈ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ လုံးဝအပစ်အခတ်ရပ်စဲမှု မရှိသေးသည့်တိုင်အောင် ဓာတုလက်နက်တိုက်ကို ဖျက်သိမ်းပစ်ရန် လိုအပ်ကြောင်း ဘန်ကီမွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်ဆိုင်ရာ အစီရင်ခံစာတစ်ရပ်နှင့်ပတ်သက်၍ သတင်းထောက်များက ဘန်ကီမွန်းအား အလေးအနက်ပြု မေးမြန်းခဲ့ကြသည်။

ဆီးရီးယားနိုင်ငံ၌ နိုင်ငံရေးစိတ်ဓာတ်မြင့်မားကြမည်ဆိုပါက ဓာတုလက်နက်များ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အတည်ပြုနိုင်ခြင်းနှင့် ယင်းလက်နက်များကို ဖျက်ဆီးပစ်ခြင်းတို့ကို အမြန်ဆုံးပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်ဖျက်သိမ်းရေး လုပ်ငန်းစဉ်မှာ အကောင်အထည်ဖော်ရန် ခက်ခဲနိုင်ဖွယ်ရှိသည်ဟု ၎င်းကပြောကြားသည်။ **ပီတီအိုင်။**

စက်တင်ဘာ ၁၅ ရက်က ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်အသုံးပြုမှုကို စုံစမ်းစစ်ဆေးခဲ့သော တာဝန်ရှိသူများနှင့် ဘန်ကီမွန်းတွေ့ဆုံစဉ်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ဆေးမှားတိုက်မိ ကလေး ၇၆ဦးကို ဆေးရုံတင်ထားရ

နယူးဒေလီ စက်တင်ဘာ ၁၈

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် စက်တင်ဘာ ၁၅ရက်က ပိုလီယိုကာကွယ်ဆေး အစက်ချရမည့်အစား ဆေးမှားတိုက်မိသဖြင့် ကလေး ၇၆ဦးထက် မနည်းကိုဆေးရုံတင်ထားရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က စက်တင်ဘာ ၁၈ရက်တွင် ပြောကြား သည်။

အနောက်ဘင်္ဂလားပြည်နယ် ဟိုဂလီခရိုင်တွင် အသက်ငါးနှစ်အောက်ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး အစက်ချတိုက်ကျွေးရမည့်အစား အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးကို မှားယွင်း၍တိုက်မိသဖြင့် ကလေးများ အန္တရာယ်မဖြစ်ပေါ်စေရန် နီးစပ်ရာဆေးရုံများသို့ လျင်မြန်စွာပို့ဆောင်ပေးလိုက်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြား သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၀၁ခုနှစ်က ပိုလီယိုကင်းစင်နိုင်ငံအဖြစ် ကြေညာခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ပိုလီယို ကာကွယ်ဆေးကို စီမံချက်တစ်ရပ်အဖြစ် ထိုးနှံမှုကို တနင်္ဂနွေနေ့တွင် ပြုလုပ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

ယူကရိန်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၊ လူနှစ်ဦးသေဆုံး

ကီယက်ဗ် စက်တင်ဘာ ၁၈

ယူကရိန်းနိုင်ငံတောင်ပိုင်း အောဒိစဒေသတွင် ရက်သတ္တတစ်ပတ်ကျော်ကြာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနှစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စက်တင်ဘာ ၁၈ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်ခြေ ၄၅၀ ကျော်ပျက်စီးကြောင်း၊ တိရစ္ဆာန်မွေးမြူရေးခြံများ ရေလွှမ်းမိုးနစ်မြုပ်ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၁သန်းခန့်ဖြစ်ကြောင်း အောဒိစဒေသရှိ အုပ်ချုပ်ရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရေလွှမ်းမိုးမှုဒဏ်ကို အများဆုံးခံရသောနေရာမှ ဒေသခံပြည်သူ ၆၀၀ခန့်ကို အောဒိစဒေသအလယ်ပိုင်းသို့ ဘေးကင်းစွာရွှေ့ပြောင်းပေးထားသည်ဟု သိရသည်။ **ဆင်ဟွာ။**

တရုတ်တွင် ဆေးကုမ္ပဏီများဆေးရောင်းအားမြှင့်တင်ရန် ဆရာဝန်များကို လာဘ်ပေးကြသည်ဟုဆို

ပေကျင်း စက်တင်ဘာ ၁၈

နိုဗာတစ်ကုမ္ပဏီ၏ မျက်စိဆိုင်ရာ ဆေးဝါးနှင့် ပစ္စည်းများ အရောင်းဌာန အယ်လ်ကွန်က ၎င်း၏ ပစ္စည်းများ ရောင်းအားတိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံရှိ ဆေးရုံပေါင်း ၂၀၀ကျော်မှ ဆရာဝန်များကို လာဘ်ထိုးခဲ့သည်ဟူသော ပြောဆိုမှုများအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

အယ်လ်ကွန်သည် ဆေးဝါးစမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်ဟု လိမ်လည်အကြောင်းပြ၍ စမ်းသပ်မှုကုန်ကျစရိတ်အဖြစ် ဆရာဝန်များသို့ တတိယပါတီတစ်ခုမှနေ၍ ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

၎င်းစွပ်စွဲချက်သည် နိုဗာတစ်ကုမ္ပဏီကို မကြာသေးမီကာလအတွင်း ဒုတိယအကြိမ်မြောက် စွပ်စွဲခြင်းဖြစ်သည်။ လွန်ခဲ့သည့်လ၌ ၂၁ရာစု ဘစ်နက်ဟာရေးသတင်းစာက ဆွစ်ကုမ္ပဏီသည် ၎င်း၏ဆေးဝါးများ အရောင်းတက်လာစေရန် ဆရာဝန်များကို လာဘ်ပေးခဲ့သည်ဟု ဖော်ပြခဲ့သည်။ ယခုနောက်ဆုံးစွပ်စွဲချက်သတင်းသည်လည်း ယင်းသတင်းစာကပင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လအတွင်း၌လည်း တရုတ်အာဏာပိုင်များက ဗြိတိသျှကုမ္ပဏီ ဂလယ်ဆိုစမစ်ကလိုင်း(ဂျီအက်စ်အေ)သည် တရုတ်နိုင်ငံတွင် ၎င်းတို့ထုတ်လုပ်သည့်ဆေးများ အရောင်းမြင့်တက်လာစေရန် ဆရာဝန်များကို လာဘ်ပေးခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ကုမ္ပဏီလုပ်ငန်းများအခက်အခဲမရှိစေရေးအတွက် ဆရာဝန်များနှင့် အစိုးရတာဝန်ရှိသူများကို ခရီးသွား အေဂျင်စီများမှတစ်ဆင့် ပေါင်သန်း ၃၂၀လာဘ်ပေးခဲ့သည်ဟု ဂျီအက်စ်အေကို စွပ်စွဲသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံ ရှန့်ယန်းမြို့၌ မျက်စိစစ်ဆေးရေးဌာန တစ်နေရာ။

ရေတွင်းထဲ ၁၅ရက်ကြာ ပြန်မတက်နိုင်သူ တရုတ်အမျိုးသမီး အသက်ရှင်လျက်လွတ်မြောက်လာ

ပေကျင်း စက်တင်ဘာ ၁၈

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ရေတွင်းဟောင်းတစ်ခု အတွင်း၌ ၁၅ရက်ကြာပြန်မတက်နိုင်ဘဲ နေထိုင်ခဲ့ရသူ အမျိုးသမီးတစ်ဦးသည် အသက်ရှင်လျက်လွတ်မြောက်လာခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

စက်တင်ဘာ ၁ရက်က ဟီနန်ပြည်နယ် ဇောင်ဖန်းကျေးရွာ၌ အသက်(၃၈)နှစ်ရှိ စုကျီကွေ့သည် လူသူလေးပါး အသုံးပြုခြင်းမရှိတော့သည့် ၁၂ပေနက်သော ရေတွင်းဟောင်းအတွင်းသို့ လိမ့်ကျခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ပြောင်းဖူးများကို အစိမ်းလိုက်စား၍ ရေတွင်းထဲသို့ကျလာသော မိုးရေများခံသောက်ကာ အသက်ဆက်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာက ထပ်မံဖော်ပြသည်။

တနင်္လာနေ့ညနေပိုင်းတွင် မီးသတ်သမားများက ၎င်းကိုကယ်တင်ခဲ့ပြီး ယခုအခါ ဆေးကုသမှုခံယူလျက်ရှိသည်ဟု သတင်းများကဖော်ပြသည်။

ပြောင်းဖူးပင်များက ဝိုင်းရံပေါက်နေသဖြင့် ရေတွင်းကို ရုတ်တရက်မမြင်နိုင်ကြောင်း၊ ရေတွင်းနံရံများမှာလည်း ချောနေသဖြင့် တွယ်တက်ရန်ခက်ခဲကြောင်း သတင်းက ဆိုသည်။

သူသည် ပြောင်းဖူးခင်းအတွင်း ဆေးဖက်ဝင်သည့် အပင်များကိုလိုက်ရှာစဉ် ရေတွင်းဟောင်းထဲသို့ ကျသွားခြင်း ဖြစ်သည်ဟု ဟီနန်ပြည်နယ်သတင်းစာ ဒါဟီးက ဖော်ပြသည်။

ယင်းသို့ကျသည့်အခါ ပြောင်းဖူးပင်များကို လှမ်းဆွဲနိုင်ခဲ့သော်လည်း ယင်းအပင်များပါ သူနှင့်အတူ ရေတွင်းထဲသို့ ကျခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

စက်တင်ဘာ၁၆ရက်တွင် ရွာသားတစ်ဦးက ပြောင်းဖူးချိုးလာစဉ် ရေတွင်းထဲမှ ငိုသံကြားသဖြင့် မီးသတ်အဖွဲ့ကို အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း ဒါဟီးသတင်းစာက ရေးသားသည်။ **ဘီဘီစီ။**

ပတ်စရာ၊ မှတ်စရာ နိုင်ငံတကာရေးရာ — အောဝမ်းစိုး

❋ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လာမည့်တနင်္လာနေ့မှစ၍ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့သို့ ငါးရက်ကြာချစ်ကြည်ရေး ခရီးသွားရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

❋ အီဂျစ်ရဲတပ်ဖွဲ့ဝင်များက မွတ်စလင်ညီနောင်များအဖွဲ့၏ အဓိက ပြောရေးဆိုခွင့်ရှိသူနှင့် အခြားထိပ်တန်းအဖွဲ့ခေါင်းဆောင်များကို ဆူပူအုံကြွမှုများ လှုံ့ဆော်အားပေးမှုဖြင့် စက်တင်ဘာ ၁၇ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနနှင့်လုံခြုံရေးတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

❋ အသက်(၄၉)နှစ်ရှိ တရုတ်ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက တရုတ်နိုင်ငံ၏ ဒုတိယမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်ထံ အလုပ်လျှောက်ထားရာ ငြင်းပယ်ခံရပြီးနောက် ရန်ပြုတိုက်ခိုက်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရသည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ရန်ပြုတိုက်ခိုက်ခံရမှုကြောင့် ဒေါ်လာ ၁၉ ဘီလီယံနီးပါး ချမ်းသာကြွယ်ဝသည့် Zong Qinghou မှာ ဘယ်ဘက်လက်တွင် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

❋ ကုလသမဂ္ဂ ဓာတုလက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲက ၎င်းတို့အဖွဲ့အနေဖြင့် လာမည့်သီတင်းပတ်များအတွင်း ဆီးရီးယားနိုင်ငံသို့ ထပ်မံသွားရောက်၍ စုံစမ်းစစ်ဆေးမှုများကို အဆုံးသတ်သွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် အေပီသတင်းဌာနသို့ ပြောကြားသည်။ ဆီးရီးယားနိုင်ငံတွင် ဩဂုတ် ၂၁ ရက်က ဓာတုလက်နက်များဖြင့် တိုက်ခိုက်မှုများရှိခဲ့သလို ယခင်ကလည်း အလားတူတိုက်ခိုက်မှုများရှိခဲ့ကြောင်း စွပ်စွဲခံထားရသည်။

❋ တရုတ်အာကာသယာဉ်မှူးတစ်ဦးက တရုတ်နိုင်ငံအနေဖြင့် ပြည်ပ အာကာသယာဉ်မှူးများအတွက် အနာဂတ်အာကာသစခန်း ဖွင့်လှစ်ရန်နှင့် ပြည်ပမှ အာကာသယာဉ်မှူးများ ခေါ်ယူလေ့ကျင့်ပေးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် ယင်းကဲ့သို့ တောင်းဆိုမှုများ လက်ခံရရှိထားကြောင်း တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူး ယန်လီဝေ၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်နေ့စဉ်သတင်းစာက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

❋ အမေရိကန်နိုင်ငံ ဝါရှင်တန်ရေတပ်ဝင်းအတွင်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၁၃ ဦး သေဆုံးပြီးနောက် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်စစ်စခန်းများတွင် လုံခြုံရေးအခြေအနေကို ပြန်လည်သုံးသပ်ရန် ပင်တဂွန်စစ်ဌာနချုပ်က စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

❋ အီရန်သမ္မတ ဟက်ဆန် ရိုဟာနီနှင့် အမေရိကန်သမ္မတ အိုဘားမားတို့သည် စာများ အပြန်အလှန်ပေးပို့၍ ဆက်သွယ်မှုပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံက စက်တင်ဘာ ၁၇ ရက်တွင် အတည်ပြုပြောကြားသည်။ ယင်းမှာ အီရန်နျူကလီးယားပြဿနာ၊ ဆီးရီးယားနိုင်ငံအရေးနှင့် အခြားသောပြဿနာများတွင် သဘောထားကွဲလွဲနေကြသည့် နှစ်နိုင်ငံကြား ရှားရှားပါးပါးဆက်သွယ်မှုပင်ဖြစ်သည်။

ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သမဝါယမလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် စက်တင်ဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း၊ ပန်းတနော်၊ ကန်ကြီးထောင့်နှင့် ကျောင်းကုန်းမြို့နယ်များရှိ သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ အသင်းစုအမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။**(ယာပုံ)**

ထို့ပြင် ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာမှ ပြည်သူများနှင့်တွေ့ဆုံကာ သမဝါယမအသင်းဖွဲ့စည်းခြင်းကြောင့် အသင်းသားများအကျိုးနှင့် အသင်းအကျိုးရှိမှု၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးရွာအရောက် ကွင်းဆင်း၍ အသင်းဖွဲ့စည်းနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ဖောင်ကြီးအရှေ့ကျေးရွာ၊ သနပ်ပင်ကျေးရွာမှ ကျေးရွာသစ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် လူငယ်များ၊ ရပ်မိရပ်ဖများ၊ ဒေသအာဏာပိုင်များ၊ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ခံများနှင့်တွေ့ဆုံ၍ ကျေးရွာသစ်လုပ်ငန်းများ အောင်မြင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများ၏ ၂၀၁၃ ခုနှစ်တွင် ကျေးရွာတစ်ရွာ အမေရိကန်ဒေါ်လာ ၈၀၀၀၀ ခန့် တန်ဖိုးရှိသည့် ကွန်ကရစ်လမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေတွင်းတူးခြင်း၊ ကြက်၊ ဝက် မွေးမြူခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုး၊ နည်းပညာ၊ စက်ပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း တင်ပြခဲ့မှုအပေါ် ဒုတိယဝန်ကြီးက ကျေးရွာသစ်လှုပ်ရှားမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အကျိုးရှိပြီး အလေအလွင့်မရှိစေရေး ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ဌာနမှ အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်သွားကြရန် အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လေကြောင်း နှစ်ပတ်လည်အထိမ်းအမှတ် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း (၆၅) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ အထွေထွေမန်နေဂျာများနှင့် ဌာနကြီးမှူးများသည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် သီရိမင်္ဂလာကျောင်းတိုက်၌ ဆရာတော် သံဃာတော် (၆၅) ပါးကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံတွင် ဆေးဝါးကုသခံယူနေကြသော ဆရာတော် သံဃာတော်များအတွက် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး/ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်။

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်။

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်။

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်။

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်။

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေးဆောင်ရွက်ထားရန်။

၇။ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်။

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်။

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ် ဂျာနယ်များတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်။

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

Junction — Booking

Junction Square	(Ph - 01 527 055)
THE CONJURING	Sun to Thu 10:00AM , 1:00PM , 4:00PM , 7:00PM Fri & Sat 10:00AM , 1:00PM , 4:00PM , 7:00PM , 9:30PM
The Mortal Instrument	Sun to Thu 10:00AM , 1:00PM , 4:00PM , 7:00PM Fri & Sat 10:00AM , 1:00PM , 4:00PM , 7:00PM , 9:30PM
[illegible]	Sun to Thu 10:00AM , 12:30PM , 3:30PM , 6:30PM Fri & Sat 10:00AM , 12:30PM , 3:30PM , 6:30PM , 9:30PM
Junction Maw Tin	**(Ph - 01 225 244)**
THE CONJURING	Sun to Thu 10:00AM , 1:00PM , 4:00PM , 7:00PM Fri & Sat 10:00AM , 1:00PM , 4:00PM , 7:00PM , 9:30PM
[illegible]	Sun to Thu 10:00AM , 12:30PM , 3:30PM , 6:30PM Fri & Sat 10:00AM , 12:30PM , 3:30PM , 6:30PM , 9:30PM
Junction Nay Pyi Taw	**(Ph - 067 421 615)**
[illegible]	Daily 10:30AM , 1:30PM , 4:30PM , 7:30PM

THE CONJURING

TALKS LANGUAGE ACADEMY
EPS (4 SKILLS)

တော်သလင်းလ အခါသမယမှာ

ဒေါက်တာမောင်ဖြေ

တော်သလင်း "သစ်ဆင်း" ဟူသော အခေါ် အဝေါ် အမည်နှင့်စပ်လျဉ်း၍ သက္ကရာဇ် ၈၈၉ ခုနှစ်ခန့်က ရှင်အဂ္ဂသမာဓိစပ်ဆိုခဲ့သည့် "သုဝဏ္ဏလျှံသဒ္ဒေးခန်း" ပျို့ကဗျာတွင် "အခါခါမင်္ဂလာဖြင့် တကာလူဗိုလ် လွန်ကြည်ညို၍ ဝါဆိုဝါခေါင် ယဉ်ဆောင်သစ်ဆင်း တော်သလင်းနှင့် သီတင်းကျွတ်သော်" ဟု ဖွဲ့ဆိုထားသည်။

သက္ကရာဇ် ၉၃၁ ခုနှစ်ခန့်တွင် စပ်ဆိုခဲ့သည်ဟု ထင်ယူရသည်။ မင်းရဲကျော်စွာ စုန်ချေါင်းတွင် "သဘင်ပန်းလုခါ ရတုဖြင့် ပျော်မှုစံခင်း တော်သလင်းတုံ သစ်ဆင်းအခါ ပျော်ဘွယ်သာတည့်. . ." ဟူ၍လည်း စပ်ဆိုထားသည်ကို လေ့လာရပေသည်။ သစ်ဆင်းအသုံးအနှုန်းကို အင်းဝခေတ် ကဗျာများတွင် ခံစားတွေ့ရပြီး ပုဂံခေတ်ပထမအင်းဝခေတ်တွင်မတွေ့ရဟု ပညာရှင်များက ဆိုကြသည်။

တော်သလင်း

တော်သလင်းလသည် မြန်မာဆယ့်နှစ်လတွင် ဆဌမမြောက်လဖြစ်၏။ တော်သလင်းလဟူသော ဝေါဟာရသည် "တော်သလံ = နှစ်သက်ဝမ်းမြောက်ခြင်း" ဟူသော ပါဠိမှ ဆင်းသက်လာ၏။ ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၏။ ထို့ကြောင့် လယ်သမားတို့ စိတ်ကိုနှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟု ခေါ်ဆို၏။

တချို့က တော်သလင်းဆိုသည်မှာ သတင်းအတွင်းကို ဆိုလိုသည်ဟူ၏။ သတင်းကို သလင်းဟု အက္ခရာကို လပြုခြင်းရ၏။ တောမှအတွင်းဟု အဓိပ္ပာယ်ရ၏။ ထို့ပြင် သလင်းတောဖြစ်လာ၏။ ယင်းသလင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်းတောကို (အက္ခရာဝိပရိယာယ) အက္ခရာရွှေ့နောက် ပြန်ပြောင်းခြင်းဘာသာဗေဒနည်းဖြင့် တော်သလင်းဖြစ်လာ၏။

တချို့က မြန်မာဆန်ဆန် တွေးဆပြန်၏။ တော်သလင်းတွင် "တော်" မှာ အမြင့်ကောင်းကင်ဖြစ်၏။ "သလင်း" မှာ သာလင်း-သာယာထွန်းလင်းခြင်းဖြစ်၏။ တော်သလင်းဟူသည် ကောင်းကင်တစ်ခွင် သာယာကြည်လင်သောလဖြစ်သည်ဆို၏။

ထိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ နာရီအားဖြင့် နေ့တွင် ၃၂ နာရီရှိ၏။ ညဉ့် ၂၈ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတို၏။ ရာသီအလို ကန်ရာသီခေါ် ဆို၏။ ဘဒြခေါ် ပြုဗ္ဗဘဒြနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ဘရဏီနက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြ၏။ ဗျိုင်းတာရာထွန်းပ၏။ ရာသီရုပ်မှာ ကညာပျိုရုပ်ဖြစ်၏။

တော်သလင်းအဓိပ္ပာယ်

ပုဂံခေတ်ကျောက်စာများတွင် (တိသ္လင်၊ တာ်သ္လင်၊ တာ်သလင်) စသည်ဖြင့်ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္တဆရာ က မြန်မာဘာသာမှာ ကညာဟူသော ကမ္ဘာဦးကာလမူလဘာသာတွင် ညအက္ခရာကို အက္ခရာပြု၍ တံခွန်တင်ပြီးလျှင် ကန်ရာသီဟုခေါ် ဆိုကြသည်။ ကညာသဒ္ဒါသည် မိန်းမငယ် သမီးကညာကိုဟော၏။ ယောကျ်ားကို နှစ်သက်စေတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်းအဓိပ္ပာယ်ရှိသည်။ "တောသ" ပုဒ်လည်းရှိ၏။ ထိုကညာနှင့် အဓိပ္ပာယ်တူ တောသပုဒ်ကို အစွဲပြု၍ ရှေးမြန်မာကြီးများက ဤလကို တော်သလင်းဟု နာမည်မှည့်ခဲ့ကြ၏။

"ပုရိသာနံ တောသိတုံ အလန္တိ တောသလံ" ဟုလည်းကောင်း၊ "ကဿကာနံမဟာသိတုံ အလန္တိတောသလံ" ဟု ဝိဂြိုဟ်ပြုထား၏။ အဓိပ္ပာယ်မှာ ယောကျ်ားတို့ကို နှစ်သက်စေခြင်းငှာ များနိုင်သောလသို့မဟုတ် လယ်လုပ်သားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလဟူ၍ ဖြစ်သည်။ ယင်းသို့ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်က တော်သလင်းအမည်ကို ပါဠိစာပေနယ်တွင် ရှာဖွေ၍ ပါဠိသက်ပုဒ်အဖြစ်သာ ဆုံးဖြတ်ခဲ့သည်။

ပုဂံခေတ်နှင့် ပထမအင်းဝခေတ်ထိုးကျောက်စာတို့တွင် တော်သလင်းလကို သစ်ဆင်းလဟု ခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရ။ သစ်ဆင်းဟူသော စကားအသုံးကို အင်းဝခေတ် ကဗျာများတွင် ရှေးဦးစွာတွေ့ရ၏။ ဟံသာဝတီဆင်ဖြူရှင်လက်ထက်ရောက်မှ ကျောက်စာများတွင် တွေ့ရ၏။ တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက် ရှေးကျ၏။

သစ်ဆင်းပွဲခေါ် ဆိုခြင်းမှာ

သစ်ဆင်းပွဲနှင့်ပတ်သက်ပြီး အမျိုးမျိုးယူဆကြ၏။

ဝေါဟာရလီနတ္တဒီပနီကျမ်းတွင် "တော်သလင်းကို မြစ်တွင်းသင်ဖြူးခင်း" ဟူသည့် ရှေးသူဟောင်းတို့ ဆိုရိုးစကားနှင့်အညီ တော်သလင်းတွင် ရေစီးအဟုန် မည့်မဖျင်းဖြစ်၏။ မြစ်တွင်သာ၍ သစ်ဖောင်ဝါးဖောင်များ ဖန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု တွေးဆနိုင်၏။ ရှေးမင်းတို့ လှေသဘင်ပွဲတော်ပြုလုပ်သောကာလ ရေပေါ် ၁၀ တောင်၊ ၁၅ တောင် မြင့်သည့် တိုင်ထိပ်ဖျားကသူကို ခုန်၍ဆင်းသည်ဟူသောစကားမှာ မဟုတ်မမှန် ကြံဖန်ပြောဆိုချက်သာဖြစ်၏" ဟုဖော်ပြထား၏။ ထိုကျမ်းပြုဆရာ၏အာဘော်မှာ သစ်ဆင်းဆိုသည်မှာ အခမ်းအနားဖြင့် ပြုလုပ်ကျင်းပသောပွဲမျိုးမဟုတ်၊ သစ်ဖောင်များ စုန်ဆင်းခြင်းကို အစွဲပြု၍ သစ်ဆင်းခေါ်ခြင်းဖြစ်သည်ဟု ဆိုလို၏။

ပန်းနှင့် လုပ်ငန်း

"ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား" ဟူ၍ စာဆိုဦးအောင်ကြီး၏ ရာသီဖွဲ့လူးတားကဗျာအရ တော်သလင်းလတွင် ရင်းမာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြု၏။

ကချင်ပြည်နယ်တွင် ထွက်ကုန်အများအပြားရှိ၏။ ထိုအထဲတွင် ဆေးဖက်ဝင်သော ခန်းတောက်မြစ်သည် တစ်ခုအပါအဝင်ဖြစ်၏။ မေခ၊ မလိခမြစ်ဖျားဒေသ၌ ပေခြောက်ထောင်မှ တစ်သောင်းကြားရှိ တောင်တန်းကြီးများတွင် ခန်းတောက်ပင်များစိုက်ပျိုး၏။ တန်ခူးလတွင် စတင်စိုက်ပျိုး၏။ တော်သလင်းလမှစ၍ ခန်းတောက်မြစ်များကို တူးဖော်ကြ၏။

လှေသဘင်ပွဲတော်

"တော်သလင်းကိုမြစ်တွင်းသင်ဖြူးခင်း" ဆိုစကားရှိ၏။ ရာသီဥတုကြည်လင်သာယာ၏။ မြစ်ပြင်တွင် လှိုင်းလေငြိမ်သက်၍ ရေသင်ဖြူးခင်းထားဘိသကဲ့သို့ရှိ၏။ ထို့ကြောင့် ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သည့် ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။

လှေသဘင်ပွဲတော်ကို "ပန်းလှသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲ" စသဖြင့်အမျိုးမျိုးခေါ် ၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင်နှင့်တကွ လော်ကားမှူးကြီးများ ကြပ်မတ်၍ခင်းကျင်းပြုလုပ်လေ့ရှိ၏။ ဘုရင်ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များခြံရံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။

အမရပူရ ကောင်းစားစဉ်က ရွှေခဲလှေတော်၊ နတ်မြားလှေတော်၊ ရွှေတုံးလှေတော်စသည်ဖြင့် နာမည်ကျော်များရှိခဲ့၏။ ထိုပြိုင်လှေကျော်များမှ လှေတော်သားတို့သည် မိမိတို့လှေကို ဂုဏ်တင်ပြီး လှေချင်းသံများကို မြစ်သုံးညံမျှ သီဆိုကျူးရင့်လေ့ရှိ၏။

အမြော်အမြင်ကြီးမားသော ရှေးမြန်မာကြီးတို့သည် လှေသဘင်ပွဲတော်ကို "ရေကြောင်းလှေကြောင်းလည်းကျွမ်းကျင်ကြစေ၊ပျော်လည်းပျော်ရွှင်ကြစေ" ဟူသောသဘောဖြင့် ကျင်းပခဲ့ကြ၏။ မြန်မာဘုရင်တို့ကျင်းပခဲ့သော လှေပြိုင်ပွဲသည် ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော် ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော်ဖြစ်၏။

တော်သလင်းလပြည့်နေ့

တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဖြစ်၏။ ဘုရား၊ ကျောင်း၊ ဇရပ်များတွင် ဒါနကုသိုလ်ပြုခြင်း၊ ဉပုသ်သီတင်းဆောက်တည်ခြင်းဟူသော သီလကုသိုလ်များပြုလုပ်ကြသည်။ ဂရုဓမ္မသီလဟူသည် သူတော်စင်သူတော်ကောင်းတို့ အလေးထားဂရုထား၍ ကျင့်သုံးအပ်သည့် တရားဖြစ်၏။

သူတော်စင်တို့ဆောက်တည်နိုင်သော သီလမှာ အမျိုးအစားအားဖြင့်(၃)မျိုးရှိချေသည်။ ယင်းတို့မှာ ငါးပါးသီလ(ပဥ္စသီလ)၊ ရှစ်ပါးသီလ(ဉပေါသထသီလ)နှင့် ကိုးပါးသီလ(နဝင်္ဂသီလ)တို့ဖြစ်သည်။

သီလအကြောင်းနှင့်အင်္ဂါရပ်တို့မှာ-

(က) ကောင်းစွာထားခြင်းဟူသော အနက်ကြောင့် သီလမည်၏။
(ခ) ကောင်းစွာတည်ခြင်းဟူသော အနက်ကြောင့် သီလမည်၏။
(ဂ) ကာယကံစသည်တို့ကို စောင့်စည်းသည်ကြောင့် သီလမည်၏။
(ဃ) စတုဘူမိကကုသိုလ်တို့၏ တည်ရာဖြစ်ခြင်းကြောင့် သီလမည်၏။
(င) ဦးခေါင်းနှင့်တူသောကြောင့် သီလမည်၏။
(စ) ငြိမ်းချမ်းအေးမြသောကြောင့် သီလမည်၏။
(ဆ) အကုသိုလ်တို့ကို အိပ်စက်စေတတ်သောကြောင့် သီလမည်၏။
(ဇ) သူတော်ကောင်းတို့ကို မှီဝဲအပ်သောကြောင့် သီလမည်၏။
(ဈ) အကုသိုလ်များကို တုန်လှုပ်စေတတ်သောကြောင့် သီလမည်၏။
(ည) အကုသိုလ်တရားမဖြစ်ပွားအောင် စောင့်စည်းသောကြောင့် သီလမည်၏။
(ဋ) သူတော်ကောင်းတို့မှာသာ ဖြစ်တတ်သောကြောင့် သီလမည်၏။
(ဌ) ကုသိုလ်တရားတို့ ဝင်ရောက် ခိုနားရာကျောင်း၊ အိမ်၊ ဇရပ်နှင့်တူ၍ သီလမည်၏။
(ဍ) ကုသိုလ်တရားတို့နှောင်ဖွဲ့တတ်သောကြောင့် သီလမည်၏။

သီလရှိသူတို့မှာကား မေ့လျော့မရှိ၊ သတင်းကောင်းကျော်စော၏။ ပရိသတ်အလယ်၌ တင့်တယ်၏။ တွေဝေ၍ မသေရ၊ ကြည်လင်စွာသေရ၏။ ဤဘဝမှသေလျှင် သုဂတိဘုံရောက်ရ၏။

သီလဖြည့်ကျင့်ရမည့်နည်းလမ်းနှင့်အကျိုးတရားများ-

(က) ပစ္စည်းဥစ္စာပေါများခြင်းကို အလိုရှိလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
(ခ) မိမိအားပစ္စည်းလှူသူတို့ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။
(ဂ) မိမိကိုအောက်မေ့သော ဆွေမျိုးပြိတ္တာများ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။
(ဃ) ကုသိုလ်၌ ပျင်းရိခြင်း၊ ကာမနှင့် မွေ့လျော်ခြင်းကို ပယ်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
(င) ကြောက်လန့်ခြင်း၊ ကြောက်မက်ဖွယ် အာရုံကိုပယ်လျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
(စ) ရူပဈာန်ကို ရလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
(ဆ) အရူပဈာန်ကို ရလိုလျှင် သီလကို ကောင်းစွာ ဖြည့်ကျင့်ရမည်။
(ဇ) သောတာပန်တည်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
(ဈ) သကဒါဂါမ်တည်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
(ည) အနာဂါမ်တည်လိုလျှင် သီလကို ကောင်းစွာ ဖြည့်ကျင့်ရမည်။
(ဋ) ပုဗ္ဗေနိဝါသာနုဿတိဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
(ဌ) ဒိဗ္ဗစက္ခုဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။
(ဍ) ဒိဗ္ဗသောတဟူသော အဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။
(ဎ) စေတောပရိယဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာ ဖြည့်ကျင့်ရမည်။
(ဏ) ဣဒ္ဓိဝိဓဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။

သီလ၏အကျိုးတရားများမှာ ရေးပြ၍ မကုန်နိုင်လောက်ပေ။ မိုးလေငြိမ်သက်တော့မည်။ ဤတော်သလင်းတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်၌ လယ်ယာလုပ်ငန်းခွင်ဝယ် တောင်သူလယ်သမားတို့၏ ထွန်တုံးပိတ်၍ အနားယူချိန် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ဝါတွင်းကာလဖြစ်သော ဤရာသီတော်သလင်းလ၌ သူတော်စင်တို့၌ ရှိမြဲဖြစ်သည့် ဝါရိတ္တသီလတည်းဟူသော ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေသတည်း။ ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် Website နှင့် Resource Centre ဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်နှင့် ဆွီဒင်နိုင်ငံ Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI)တို့ ပူးပေါင်း၍ ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးမှုအစီအစဉ် (Sida)၏ ပံ့ပိုးမှုဖြင့်ကျင်းပသည့် "မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် Website နှင့် Resource Centre ဖွင့်ပွဲ"ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါ ကော်မရှင်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ(**ယာပုံ**)က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးမှုအစီအစဉ်(Sida)မှ Senior Programme Manager/ Policy Adviser Mr. David Holmertz နှင့် Raoul Wallenberg Institute of Human Rights and Humanitarian Law(RWI)မှ Deputy Director Mr. Rolf Ring တို့က အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် RWI မှ ပညာရှင် Ms. Lena Olsson က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် Website နှင့် Resource Centre တို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲတက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေး(ပဥ္စမနေ့)ကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း နှင့် လွှတ်တော်ကိုယ်စားလှယ်(၁၀၈)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်းကို ဆွေးနွေးရန်ဆုံးဖြတ်ခြင်းနှင့် ဖြည့်စွက်ငွေစာရင်းနှင့်စပ်လျဉ်း၍ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး

နေပြည်တော် စက်တင်ဘာ ၁၈

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(ပထမနေ့)ကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ် (၆၆)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနှင့်သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းလျာထား ချက်နှင့် တိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေ(မူကြမ်း)တို့ကို တင်သွင်းခြင်းနှင့် မေးခွန်းများကိုဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

==================

ချင်းပြည်နယ် လွှတ်တော်အစည်းအဝေး

နေပြည်တော် စက်တင်ဘာ ၁၈

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ဆဋ္ဌမအကြိမ် အစည်းအဝေး ပထမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း တင်သွင်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

==================

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး

နေပြည်တော် စက်တင်ဘာ ၁၈

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ အိုမန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ခြင်းအားသဘောတူ

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီအား ခန့်အပ်ရန် အိုမန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ၁၉၅၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် အေဒင်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့်နိုင်ငံရေး သိပ္ပံဘွဲ့ကိုရရှိခဲ့သည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ၁၉၈၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဗျူရိုဌာန၌ ဒုတိယအတွင်းဝန်ရာထူးဖြင့် ဝင်ရောက်ခဲ့ပြီး ၁၉၈၇ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ မိုဂါဒီရှူမြို့ရှိ အိုမန်သံရုံးတွင်လည်းကောင်း၊ ၁၉၈၈ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ အာရှဗျူရိုဌာန၏ အကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၂ခုနှစ်အထိ အဆိုပါဌာန၏ ဝန်ကြီးရုံးတွင်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ကူဝိတ်မြို့ရှိ အိုမန်သံရုံးတွင်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ခုနှစ်အထိ အာရပ်အဖွဲ့ချုပ်ရုံး၊ အာရှဗျူရိုဌာနနှင့် နည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနတို့တွင် အမှုဆောင်အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အာရှဌာန၌ ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ခုနှစ် ဇွန် ၂၄ ရက်မှစ၍ ယနေ့အထိ ဗီယက်နမ်နိုင်ငံဆိုင်ရာ အိုမန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိသည်။

ရှိတ် ဆူတန် ဘင်ဆာဖ် ဘင် ဟေလာ အယ်လ် မာရူကီသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

ပွင့်လင်းမီဒီယာ ဆွေးနွေး

ကျိုင်းတုံ စက်တင်ဘာ ၁၈

ကျိုင်းတုံမြို့ လေယာဉ်ကွင်းလမ်းရှိ တွဲဖက်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ် မီဒီယာသတင်း တာဝန်ခံများနှင့် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမြတ်သူတို့ တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနား၌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ဌာနဆိုင်ရာ အသီးသီး၏ လုပ်ဆောင်မှုများကို ပွင့်လင်းမြင်သာသော အပြုသဘောဖြင့် မီဒီယာများ၏ ပူးပေါင်းပါဝင်ကူညီမှုကို အသိအမှတ်ပြုကြောင်းနှင့် နောင်တွင် ဌာနဆိုင်ရာများနှင့် မီဒီယာများ ပုံမှန်တွေ့ဆုံပြီး နှစ်ဖက်သိမြင်ပြောကြား ဆွေးနွေးပွဲများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မီဒီယာများ၏ ကိုယ်စား သတင်းပြန်ကြားဆက်သွယ်နိုင်ရေး မြို့နယ်သတင်းထောက်များ၏ လိုအပ်ချက်များ၊ အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(၅၁၃)

အဝတ်လျှော်လုပ်ငန်းကြီးတွင် လျှပ်စစ်စီးဝင်ရာမှ နှစ်ဦးဓာတ်လိုက်သေဆုံး

ရန်ကုန် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၇ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ်(၂၀)ရပ်ကွက် သံဒင်းအပိုင်း(၁) မကွေး(၃)လမ်း အိမ်အမှတ်(၄၅၁/ခ)၌ အဝတ်လျှော်လုပ်ငန်း ရာမှ အဝတ်လျှော်ကြိုးတန်းတွင် လျှပ်စစ်ဓာတ်အားစီးဝင်ပြီး ဓာတ်လိုက်၍လူနှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် ည ၇ နာရီတွင် ဦးမြင့်ဆွေ (၆၄)နှစ်သည် ရေချိုးပြီးနောက် ရေစိုပုဆိုးအား နေအိမ်ရှေ့ တံစက်မြိတ်အောက် အဝတ်လှန်းကြိုးတန်း၌ လှန်းလိုက်ရာမှ ဓာတ်လိုက်နေကြောင်း ချွေးမဖြစ်သူ မဇင်ဇင်ထွန်း(၂၀)နှစ်က တွေ့မြင်သဖြင့် ဝင်ရောက်ဆွဲရာ နှစ်ဦးစလုံးဓာတ်လိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အနီးပတ်ဝန်းကျင်ရှိသူများက ဝိုင်းဝန်းကူညီပြီး ရွှေပြည်သာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် အင်းစိန်ဆေးရုံသို့ ထပ်မံပို့ဆောင်ခဲ့ပြီး ဆက်လက်ကုသမှုခံယူခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က "သူတို့အဝတ်လှန်းတဲ့သွပ်နန်းကြိုးက ဆားဗစ်ကြိုးသွယ်ထားတဲ့ GN ကြိုးကိုဆက်ပြီး ပြုလုပ်ထားတာ တွေ့ရတယ်။ အဲဒီနေ့ကလည်း မိုးက အဆက်မပြတ်ရွာထားတော့ ကြိုးပေါက်ပြီး လျှပ်စစ်စီးဝင်နေတာကို မသိဘဲ ရေစိုအဝတ်သွားလှန်းတော့ ဓာတ်အားစီးဝင်ပြီး ဓာတ်လိုက်ခံရရတာဖြစ်မယ်"ဟု သူ၏ ထင်မြင်ချက်ကို ပြောသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)



လျှပ်စစ်
သုံးလျှင်
အသိယှဉ်
ဝန်အားမများ
မသုံးရ

❖ ရှေ့ဖုံးမှ

ပြောကြားရာ၌ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို (၁၆-၉-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃) ဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ကော်မတီ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက် ပေးနိုင်ရန် ဖြစ်ပါကြောင်း။

မြေအသုံးချခြင်းနှင့်စပ်လျဉ်း၍ မြေသည် လူသားတို့နှင့် အရင်းနှီးဆုံး ပစ္စည်းဥစ္စာဖြစ်ပြီး လူတိုင်းနှင့် မကင်းနိုင်သည့်အတွက် မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်းနှင့်အတူ မြေနှင့်အခွန် အုပ်ချုပ်ရေးသည် သက်တမ်း အရင့်ဆုံး၊ အရှည်ကြာဆုံးသော ယန္တရားတစ်ခုအဖြစ် တည်ရှိနေခဲ့ပါကြောင်း၊ မြေယာစီမံခန့်ခွဲမှုများကို ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိစေရန်အတွက် ပြည်သူဗဟိုပြုစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာအထူးစီမံကိန်းနယ်မြေများ သတ်မှတ်ခြင်း၊ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတည်ထောင်ခြင်း စသည့် လုပ်ငန်းများသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွှဲ မသွေဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ရာ လိုအပ်ချက်အရ လယ်ယာ မြေများနှင့် အခြားမြေများအား သိမ်းဆည်းခြင်းလုပ်ငန်းများ ရှိခဲ့ပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခဲ့မှုများနှင့် ပတ်သက်၍ တိုင်တန်းမှုများရှိခဲ့သည့်အတွက် မြေသိမ်းဆည်းမှုစုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းစုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ အဆိုပါ စုံစမ်းရေးကော်မရှင်၏ စိစစ် တွေ့ရှိချက်အရ မြေသိမ်းဆည်းခံရသည့်အကြောင်းအရင်းများမှာ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းရန် တပ်မြေအဖြစ်သိမ်းဆည်းခြင်း၊ မြို့ပြများ တိုးချဲ့တည်ဆောက်ရန်အတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များ တည်ဆောက်ရန် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းများ ဆောင်ရွက်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထား ပေးခြင်း စသည့် ခွင့်ပြုချက်များအတွက် တောင်သူလယ်သမားများ၏ လက်ရှိ လုပ်ကိုင်နေသော လယ်ယာမြေများပါရှိသွားသကဲ့သို့ နိုင်ငံတော် စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးတို့အတွက် သိမ်းဆည်းရာတွင်လည်း အလားတူ လယ်ယာမြေများ ဆုံးရှုံးသွားခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုတွေကြောင့် ပြည်သူများ နစ်နာမှုမရှိစေဖို့ စုံစမ်းရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ အပိုင်း(၃)ပိုင်းခွဲပြီး တင်ပြခဲ့တဲ့ အစီရင်ခံစာများတွင်-

- မြေသိမ်းဆည်းမှုတွင် ပါဝင်ခဲ့တဲ့ လယ်ယာမြေများ၊ မြေလွှဲခြင်း ဆောင်ရွက်တဲ့အခါမှာ ပါဝင်ခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ ပယ်ဖျက်ပြီး စားကျက်မြေများ၊ ပယ်ဖျက်ပြီး သစ်တော မြေတွေကို သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ပြန်လည်စွန့်လွှတ်၍ တောင်သူများသို့ ပြန်လည်ပေးအပ်ခြင်း။
- ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်းအမိန့်ထုတ်ပြန်ခြင်းမရှိဘဲ သိမ်းယူခဲ့တဲ့ လယ်ယာမြေများအတွက် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ သို့မဟုတ် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့အရ အခြားနည်း အသုံးပြုခွင့်ရရှိထားသော မြေများနဲ့ မြေစာရင်းပုံစံ ၁၀၅ ဖြင့် သက်သေခံ မြေပုံများရှိထားတဲ့ သိမ်းယူထားသော လယ်ယာမြေများကို စွန့်လွှတ်ခွင့်ပေးခြင်း။
- မြေအငြင်းပွားမှုနဲ့ ပတ်သက်လို့ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းပေးတဲ့ စစ်ဆေးရေးအဖွဲ့တွေရဲ့ စစ်ဆေးတွေ့ရှိချက်များအရ ဌာနဆိုင်ရာ/ကုမ္ပဏီ/ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ခွင့်ပြုခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဦးပိုင်မပေါက်သေးတဲ့ သို့မဟုတ် စားဝတ် နေရေးအတွက် မူလကတည်းက တောင်သူများ ဓာတ်ထွင်ရှင်းလင်း စိုက်ပျိုးခဲ့သော ဦးပိုင်ပြီးသည့် လယ်ယာမြေများပါဝင်သဖြင့် ပြန်လည်ပေးအပ်ခြင်း။
- သစ်တောမြေနဲ့ပတ်သက်၍ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ပြန်လည်အပ်နှံလိုခြင်း၊ မြေအငြင်း ပွားမှုများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသည့် စစ်ဆေး ရေးအဖွဲ့တွေရဲ့ စစ်ဆေးတွေ့ရှိချက်များအရ တောင်သူများသို့ လယ်ယာမြေများကို ပြန်လည်ပေးအပ် လိုခြင်း။
- သက်ဆိုင်ရာတောင်သူများသို့ မြေလျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံအတွက် နစ်နာကြေးနှင့် အခြားထောက်ပံ့ကြေးများ ပေးဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဈေးနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ခြင်း စသည့် အချက်များကို တွေ့ရှိရကြောင်း။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများနှင့် ပတ်သက်၍ ပြည်သူများနစ်နာမှုမရှိစေရန် ပြည်ထောင်စုလွှတ်တော်နာယကမှ နိုင်ငံတော်သမ္မတထံသို့ ပေးပို့သည့် သဝဏ်လွှာများတွင် တိုင်ကြားစာ၊ အသနားခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်မှ ဥပဒေနဲ့ အညီ ပြည့်စုံ၍ မှန်ကန်ပြီး အရည်အချင်းရှိသည့် သက်သေခံချက်များနှင့် တရားမျှတစွာ အလေးထားဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မြေပြဿနာအများစုဟာ ယခင်ကာလများမှ ဆောင်ရွက်ချက်များကို အခြေခံပြီးတော့ ဖြစ်ပွားနေကြောင်း၊ အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ ကောင်းမွေ၊ ဆိုးမွေတွေကိုလက်ခံပြီး ပြဿနာများကို ကောင်းစွာ ဖြေရှင်းနိုင် သည့် စွမ်းရည်ရှိရမည် ဖြစ်သည့်အပြင် အဆိုပါကိစ္စရပ်များကို လိုအပ် သည်ထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုဘဲ စီမံခန့်ခွဲပေးရန် လိုအပ်ကြောင်းဖြင့် ဖော်ပြပါရှိခဲ့ပါကြောင်း။

၎င်းနေရာတွင် နိုင်ငံတော်အစိုးရ၏ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုများကို တင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်မှစ၍ နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲ မှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။ ပြည်သူလူထု၏ စားဝတ်နေရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်၊ နေ့စဉ်လူမှုဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြို့ရွာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ လုပ်ဆောင်နိုင်ရန် မြေအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကို စနစ်တကျ အကောင် အထည်ဖော်ရန် မြေယာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက (၁၉-၈-၂၀၁၃)ရက်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဘဝ မြှင့်တင်ရေးအခမ်းအနားမှာ "မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန် အခြေခံကောင်းများရှိနေသော်လည်း ယနေ့ဆင်းရဲနွမ်းပါးမှု နှုန်း များနေကြကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး ကျေးလက်နေပြည်သူများသည် ဆင်းရဲနွမ်းပါးမှုအများဆုံး ဖြစ်ကြောင်း၊ အဓိကအလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြစ်ပြီး လက်လုပ် လက်စားသမားအချို့သည်လည်း ယင်းလယ်ယာလုပ်ငန်းပေါ်တွင် မှီခို အားထားနေရပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက် ဒေသဖွံ့ဖြိုးမည်ဖြစ်၍ လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်အောင် အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း" ဖြင့် မိန့်ကြားခဲ့ပါကြောင်း၊ လယ်ယာကဏ္ဍကို လက်ရှိအခြေအနေထက် ပိုမို တိုးတက်အောင် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို စိတ်ဓာတ်၊ လယ်ယာမြေပုံသဏ္ဌာန်၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့်၊ စက်မှု လယ်ယာနဲ့ စိုက်နည်းစနစ်ပြောင်းလဲခြင်းဆိုတဲ့ ပြောင်းလဲမှုငါးရပ်နဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးသည့်အပိုင်း၊ ရိတ်သိမ်းသည့်အပိုင်း၊ သယ်ဆောင်သည့်အပိုင်း၊ ကြိတ်ခွဲသည့်အပိုင်း၊ တင်ပို့ရောင်းချသည့် အပိုင်းအထိ (Supply Chain)တစ်ခုလုံး စဉ်းစားတွက်ချက်ပြီး တောင်သူ လယ်သမားများ အမှန်တကယ်အကျိုးရှိအောင် အလေးထားစီမံပေးလျက် ရှိပါကြောင်း။

လယ်ယာကဏ္ဍ တောင်သူလယ်သမားအကျိုးပြုလုပ်ငန်းစဉ်တစ်ရပ် အနေဖြင့် လယ်ယာမြေဥပဒေရေးဆွဲပြဋ္ဌာန်းပြီး တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာ လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူသည် လယ်ယာ မြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ် ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊ အမွေဆက်ခံပိုင်ခွင့်များ ရရှိပြီဖြစ်ပါကြောင်း၊ ဘဏ်များမှတစ်ဆင့် လယ်ယာကုန်ထုတ်လုပ်မှု စရိတ်များအတွက် လုံလောက် အောင် ချေးငှားယူနိုင်သည့် အားသာချက်များလည်းရှိလာပါကြောင်း။

ထို့ပြင် လယ်ယာလုပ်ငန်းဖြင့် အမှန်တကယ် အသက်မွေးဝမ်းကျောင်း ပြုနေသော်လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မှတ်ပုံတင်ရယူခွင့် မရှိသည့် လယ်မဲ့ယာမဲ့ပြည်သူများကိုလည်း ဥပဒေနှင့်အညီ လယ်ယာမြေများ ချထားစီမံပေးရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့သည့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဆင့်ဆင့် မှာ မြို့ကွက်ရွာကွက်များ စနစ်တကျ ထူထောင်နေရာချထားရေးနှင့် လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများ စီမံဖော်ထုတ်ရေးကို အလေးထား လုပ်ဆောင်ပြီး မြေမဲ့ယာမဲ့ပြည်သူများ မြေနှင့်ယာနှင့်ဖြစ်စေရေး ဆောင်ရွက် လျက် ရှိပါကြောင်း။

ယခု မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတမှ တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် မြေသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် မြေအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် မြေမူဝါဒနှင့် ပတ်သက်ပြီး

- တပ်မတော်က တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ်သိမ်းဆည်း ထားတဲ့မြေတွေမှာ အရပ်သားတွေကို သီးစားချထားခြင်း၊ အကျိုးတူ ဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်။
- တပ်၊ ဌာနချုပ်များရဲ့လုံခြုံရေးလိုအပ်ချက်များနဲ့ လေ့ကျင့်ရေးကွင်း လိုအပ်ချက်တွေအတွက် အမှန်တကယ်လိုအပ်တဲ့ အနည်းဆုံးမြေ ဧရိယာအကျယ်အဝန်းကိုသာ တိုင်းထွာတွက်ချက် ရယူဆောင်ရွက် သွားရန်။

နိုင်ငံအတွင်းရှိ နေရာအနှံ့အပြားနဲ့လွှတ်တော်အသီးသီးမှာ သိမ်းဆည်း ခံထားရတဲ့မြေများ ပြန်လည်ရရှိရေးနဲ့ပတ်သက်ပြီး နည်းမျိုးစုံဖြင့် တောင်းဆို မှုအပေါ် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်တဲ့ မြေဧရိယာ အကျယ် အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်တွေထံ ပြန်လည်ပေး အပ်နိုင်ရေး ဆောင်ရွက်သွားရန်။

တို့ကို လမ်းညွှန်ခဲ့ပါကြောင်း၊ ယင်းလမ်းညွှန်ချက်များသည် ကာကွယ်ရေး ဝန်ကြီးဌာနအတွက် ဆိုသော်လည်း အခြားဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအတွက်ပါ အကျုံးဝင် ပါကြောင်း။

အဆိုပါလမ်းညွှန်ချက်အတိုင်း သိမ်းဆည်းခံမြေယာအငြင်းပွားမှုများ အတွက် ဒုတိယသမ္မတဦးဆောင်သည့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟို ကော်မတီကိုဖွဲ့စည်းပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတို့ကို အသီးသီး တာဝန်ပေးအပ်ထား ပြီးဖြစ်ပါကြောင်း၊ ကော်မတီများ ဖွဲ့စည်းရာမှာလည်း ရပ်ကွက်ကျေးရွာ အုပ်စုအဆင့်၊ မြို့နယ်အဆင့်များမှ ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များကို ထည့်သွင်းထားပြီး ပကတိအခြေအနေမှန်များနှင့် ထင်ဟပ်သော လူထုဆန္ဒသဘောထားနှင့်အညီ ညှိနှိုင်းဖြေရှင်းနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးထားပါကြောင်း၊ ကော်မတီအဆင့်ဆင့်ရဲ့ လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းပေးထားပြီး လယ်ယာမြေဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁)၊ လယ်ယာမြေ နည်းဥပဒေ (၂၀၁၂ ခုနှစ်)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲ ရေးဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀)၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ (၂၀၁၂ ခုနှစ်) နှင့် မြေကိုစီမံခန့်ခွဲလျက်ရှိသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီများက ကျင့်သုံးလျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်ရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ဆိုင်ရာနယ်မြေအလိုက် လူထုရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကော်မတီအစည်းအဝေးများသို့ ဖိတ်ကြားတက်ရောက်စေပြီး သဘောထားအမြင် ဆွေးနွေးညှိနှိုင်းဆောင် ရွက်သွားကြဖို့လည်း လိုအပ်ပါကြောင်း။

မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် အဆင့်ဆင့်သော မြေ အသုံးချမှု စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် မြေသိမ်းဆည်းခြင်း၊ မြေ အငြင်းပွားမှု ဖြေရှင်းခြင်းများ ဆောင်ရွက်သည့်အခါမှာ မြေမူဝါဒနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၃) ပိုင်းမှာ ပါဝင်သည့်အချက်များကို အလေးထားပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးသွားရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသူများကို မြေအသုံးချမှု စီမံခန့်ခွဲရေးလုပ်ငန်းများလုပ်ကိုင်ရာမှာ ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချမှု စီမံ ခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်ပို့ချရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း လူအများစုရှုံးနေထိုင်ရာ အရပ်ဒေသများဖြစ်သည့် မြို့နှင့်ကျေးရွာများ စနစ်တကျရှိစေရန်နှင့် လယ်ယာမြေအုပ်ချုပ်ရေးနှင့် အခွန်စည်းကြပ်ကောက်ခံရန်အတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထား ရှိပြီး မြေအသုံးချမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများက စီစဉ်စီမံခန့်ခွဲလျက် ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြို့မြေ၊ ရွာမြေ၊ သာသနာ့မြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံမြေနှင့် စားကျက်မြေကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တော မြေကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဓာတ်သတ္တုကန့်သတ် နယ်မြေနှင့် ရတနာနယ်မြေကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော မြေကွက်များကို လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီများမှ စည်ပင်သာယာရေး နယ်နိမိတ်မြေနှင့် အရန်မြေများကိုလည်းကောင်း အသီးသီးစီမံခန့်ခွဲလျက် ရှိပါကြောင်း။

ယင်းမြေများကို တည်ဆဲဥပဒေများအရ အဆင့်ဆင့်စီမံခန့်ခွဲအုပ်ချုပ် ရာမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူအကျိုးငှာ မြေ အသုံးချရန် ရည်ရွယ်၍ မြေသိမ်းခြင်း၊ မြေလွှဲခြင်းလုပ်ငန်းများကို မလွှဲ မရှောင်သာ ဆောင်ရွက်ခဲ့ရပါကလည်း ယင်းလုပ်ငန်းစဉ်များတွင် ပြည်သူ များဘက်မှ နစ်နာမှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရများအနေဖြင့် စနစ်တကျစီမံခန့်ခွဲပေးရန် လိုအပ် ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှု ပြုပြင် ပြောင်းလဲရေးအခြေခံအချက်များဖြစ်သည့်-

(က) ပြည်သူများအား မြန်ဆန်ပြီးအဆင်ပြေချောမွေ့စေသည့် ကျေနပ်ဖွယ်ရှိသော ဝန်ဆောင်မှုများဆောင်ရွက်ပေးရန်။
(ခ) အစိုးရရုံးဌာနများအတွင်း တင်းကျပ်သော ဗျူရိုကရေစီလုပ်ထုံး လုပ်နည်းများကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အဟန့်အတားဖြစ်နေသော ကြိုးနီစနစ်ဖယ်ရှားရန်။
(ဂ) လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်ရန် ရည်ရွယ်လျက် ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန်။
(ဃ) နိုင်ငံတော်သည် ပြည်သူ့ဝန်ထမ်းအရာထမ်းနှင့်အမှုထမ်းများ အကြား ရိုးသားဖြောင့်မတ်မှုဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များအပေါ် တာဝန်သိမှုနှင့်တာဝန်ခံမှုရှိစေရန်။
(င) ပြည်သူများနှင့်ဆက်ဆံဆောင်ရွက်ရာတွင် တန်ဖိုးထားတတ်မှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်။
(စ) ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်။

စသည့်အချက်များအပေါ် အခြေခံပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရေး သက်ဆိုင်သူအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဦးမြင့်လှိုင်တို့က ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြေယာစီမံခန့်ခွဲမှုတို့နှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌတို့က မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ် သမားများ မှီခိုအသက်မွေးဝမ်းကျောင်းပြုနေရသည့် လယ်ယာမြေများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက် လျက်ရှိပါကြောင်း၊ မည်သည့်အရေးကိစ္စမဆို ဖြေရှင်းဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးကို အဓိကထားပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံးသည် တရားဥပဒေစိုးမိုးမှုအောက်တွင် တူညီသော အခွင့်အရေးများ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့အကျိုးစီးပွား အလို့ငှာ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ မြေယာကိစ္စရပ်များကို ဖြေရှင်းရာတွင် ခိုင်မာသည့် ကျိုးကြောင်းဖော်ပြချက်များနှင့်အညီ တင်ပြကြရန်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တရားဥပဒေနှင့်အညီ ပွင့်လင်းမြင်သာသည့် ဆောင်ရွက်မှုများဖြစ်ရန်လိုအပ်ပြီး မိမိတို့၏ ဆောင်ရွက်ပေးနေမှုများကို ပြည်သူများအား အသိပေးပြောကြားရမည် ဖြစ်ပါကြောင်း၊ အမှုတွဲများကို မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဖြစ်အောင် အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❍ **မင်္ဂလာဒုံမှ**

ယင်းမီးလောင်မှုကြောင့် စက်ရုံအဆောက်အအုံနှင့် အပ်ချုပ်စက် အလုံး ၃၀၊ အဝတ်အထည်များ မီးလောင်ကျွမ်းခဲ့သဖြင့် မီးလောင်ဆုံးရှုံးမှု တန်ဖိုးကျပ် ၁၂၇ သိန်းခန့်ဆုံးရှုံးခဲ့သည်။ အဆိုပါစက်ရုံမီးလောင်မှုနှင့် ပတ်သက်၍ စက်ရုံတာဝန်ရှိသူ မန်နေဂျာ ဦးနိုင်ဦး(၄၆)နှစ် မင်္ဂလာဒုံမြို့နယ် နေသူအား မင်္ဂလာဒုံ(မြို့မ)ရဲစခန်းက (ပ)၅၈၄/၂၀၁၃၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝ၁၇)**

ကိုလာအချိုရည်ဖြင့် စွမ်းအင်လည်ပတ်စေမည့်ဖုန်း

ALEZ

ထူးခြားသည့်နည်းပညာမြင့် စမတ်ဖုန်းများကို ကမ္ဘာ့ကျော်မိုဘိုင်း လုပ်ငန်းစုများမှ နေ့စဉ်ဖန်တီးလျက်ရှိရာ ဈေးကွက်အတွင်းတွင် နည်းပညာ ဆန်းပြားပြီး လျှင်မြန်စွာနေရာယူလျက်ရှိနေပါသည်။ ယခုဖော်ပြမည့်ဖုန်းမှာ မူ သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်အသုံးပြုမှုအတွက် လွယ်ကူလျင်မြန် စေပြီး လျှပ်စစ်စွမ်းအင် အလွယ်တကူမရရှိနိုင်သည့် နေရာဒေသများ အတွက် အထူးအသုံးဝင်စေနိုင်မည့် လက်ကိုင်ဖုန်းတစ်မျိုးဖြစ်ပါသည်။ အဆိုပါဖုန်းကို Nokia မိုဘိုင်းလုပ်ငန်းစုကြီးမှ ဖန်တီးထုတ်လုပ်ခြင်းဖြစ်ပြီး Daizi Zheng ဆိုသူက ဒီဇိုင်းပိုင်းဆိုင်ရာကို တာဝန်ယူဖန်တီးထား သည်ဟု သိရသည်။ ဇီဝစွမ်းအင်တစ်မျိုးဖြစ်သည့် သကြားဓာတ်မှ စွမ်းအင်ထုတ်လုပ်ကာ ဖုန်း၏လည်ပတ်မှုစနစ်ကို အလုပ်လုပ်စေနိုင်မည်ဟု နည်းပညာစာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါဖုန်းမှာ ဒီဇိုင်းပိုင်း ထူးခြားမှုနှင့် စွမ်းအင်စနစ်ထူးခြားမှုပါ ပေါင်းစပ်ဖန်တီးထားပြီး စွမ်းအင် လွယ်ကူစွာ ပြန်လည်ပြည့်ဝစေနိုင်သောကြောင့် ဖုန်း၏ ဈေးကွက်မှာ ထူးခြားမှုတစ်မျိုးကြုံတွေ့ရနိုင်ကြောင်း သိရသည်။ ဖုန်းအတွက် မရှိ မဖြစ်လိုအပ်သော ဓာတ်ခဲပိုင်းဆိုင်ရာစွမ်းအင်အတွက် ကိုလာအချိုရည် အသုံးပြုကာ ပြန်လည်ပြည့်ဝစေနိုင်ကြောင်း သိရသည်။ အဆိုပါဖုန်းကို အချိုရည်ထည့်ရသော ဘူးတစ်ခုသဖွယ်ဖန်တီးထားပြီး အဆိုပါ အချိုရည်မှ ဇီဝစွမ်းအင်သကြားဓာတ်ကို ကာဗွန်ဟိုက်ဒရိတ်လောင်စာအဖြစ်အသုံးပြု ပြီး သကြားဓာတ်ကုန်ဆုံးသွားပါက ရေနှင့်အောက်ဆီဂျင်အဖြစ် ကျန်ရှိနေ သည်ဟု သိရသည်။ ၎င်းဖုန်းကို ကိုလာအချိုရည်နှင့်သာမကဘဲ သကြား ဓာတ်ပါဝင်သော မည်သည့်အချိုရည်နှင့်မဆို အသုံးပြု၍ရနိုင်ရန်လည်း ဖန်တီးထားသည်ဟု သိရသည်။ ထို့ကြောင့် အဆိုပါလက်ကိုင်ဖုန်းကို လျှပ်စစ်စွမ်းအင်ရရှိနိုင်မှု ခက်ခဲသောနေရာများတွင် လွယ်ကူလျင်မြန်စွာ စွမ်းအင်ပြန်လည်ပြည့်ဝစေနိုင်မည်ဖြစ်သည်။ သယ်ဆောင်ရလွယ်ကူပြီး ရေနှင့်အောက်ဆီဂျင်ကိုလည်း ပြန်လည်ရရှိစေနိုင်သောကြောင့် သဘာဝ ပတ်ဝန်းကျင်အတွက် အထူးကောင်းမွန်သော မိုဘိုင်းပစ္စည်းတစ်မျိုးကို ဖန်တီးနိုင်ပြီဖြစ်ကြောင်း အဆိုပါ ဖုန်းဒီဇိုင်းပိုင်းတာဝန်ယူထားသော Daizi Zheng မှ ပရိသတ်များ၏ စာမျက်နှာများတွင် ပြန်လည်ရေးသား ထားခြင်းမျိုးကိုလည်း တွေ့ရှိရသည်။

1st Thailand- Myanmar High Level Committee Meeting အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် စက်တင်ဘာ ၁၈



1st Thailand-Myanmar High Level Committee Meeting ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani Hotel ရှိ Napalai Ball room ၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာအဆင့်မြင့် ကော်မတီပူးတွဲဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်း အဆင့်မြင့်ကော်မတီ ပူးတွဲဥက္ကဋ္ဌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn တို့က အဖွင့် အမှာစကား ပြောကြားကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့က HLC အစည်းအဝေးဖွင့်လှစ် ကြောင်းကြေညာပြီး ထိုင်းအဆင့်မြင့် ကော်မတီအတွင်းရေးမှူးက ဖွဲ့စည်း ပုံနှင့် ဆုံးဖြတ်ချက်များ၊ အထွေထွေ အကြောင်းအရာများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် 1st Thailand- Myanmar High Level Committee ၏ အစည်းအဝေးအကြောင်းအရာ အချက်အလက်များအား ဥက္ကဋ္ဌ နှစ်ဦးဖြစ်သည့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့က အတည်ပြုဆုံးဖြတ်ပေးကြ သည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့က ပိတ်ပွဲအခမ်းအနား မိန့်ခွန်း ပြောကြားကြပြီး 1st Thailand- Myanmar High Level Committee အစည်းအဝေးသဘောတူညီချက် များကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တို့သည် အစည်းအဝေး သို့ တက်ရောက်လာကြသော မြန်မာ-ထိုင်းအဆင့်မြင့်ကော်မတီ အဖွဲ့ဝင်များနှင့် နေ့လယ်စာ အတူ တကွ သုံးဆောင်ကြသည်။

1st Thailand- Myanmar High Level Committee Meeting ပူးတွဲအတွင်းရေးမှူးအဖွဲ့အစည်း အဝေးအား Dusit Thani ဟိုတယ် ရှိ အစည်းအဝေးခန်းမ၌ စက်တင် ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

✻ **မြန်မာ-ထိုင်းမှ**

အကျိုးစီးပွားဖြစ်စေသလို ထိုင်းနိုင်ငံ၏ အကျိုးစီးပွားသည်လည်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားဖြစ်စေပါကြောင်း၊ နယ်စပ်ဒေသ တွင် မူးယစ်ဆေးဝါးပြဿနာအား မြန်မာနိုင်ငံမှ အလေးထား ဆောင်ရွက်နေသကဲ့သို့ ထိုင်းနိုင်ငံကလည်း အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ယခုအချိန်သည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ ခိုင်မာမှုရှိအောင်၊ တိုးတက်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ ဒီမိုကရေစီစနစ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက် ရှိရာ တပ်မတော်အနေဖြင့် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆက်လက်တိုးတက်ရန်သာရှိပြီး နောက်ဆုတ်ရန် မရှိပါ ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက မိမိနိုင်ငံ တည်ငြိမ် အေးချမ်းမှုမရှိသဖြင့် ငြိမ်းချမ်းရေးရအောင် နှစ်ပေါင်းများစွာ ကပင် နည်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်း ဆောင်ရွက်၍သာ ဖြေရှင်းခြင်းဖြစ်ပြီး လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်အား မည်သည့်နိုင်ငံကမှ လက်မခံပါ ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ခိုင်မာအောင် ဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းမှုရှိလာအောင် ဆောင်ရွက်နိုင်ပြီဆိုပါက ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အကောင်းဆုံးရှိချိန်၊ ထိုင်းနိုင်ငံ၏ လက်ရှိ အစိုးရရှိချိန်၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရသစ်တက်ချိန်၌ နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးအား ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်က နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး ကောင်းမွန် သဖြင့် နယ်စပ်ပြဿနာများအား ပူးပေါင်းဆောင်ရွက်ဖြေရှင်း နိုင်ခဲ့ခြင်းကြောင့် ကျေးဇူးတင်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကိုလည်း ထိထိရောက်ရောက် ပူးပေါင်းနှိမ်နင်း ဆောင်ရွက်သွားပါက ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ထိုင်းနိုင်ငံ အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ကူညီမှုမရှိပါက အောင်မြင်မှုမရနိုင်သဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွားလျက်ရှိသည်ကို သိရှိရ၍ ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး တိုးတက်မှုကို ချီးကျူးဝမ်းမြောက်လျက်ရှိပါကြောင်း၊ HLC အစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိလာမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ သည် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲ ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ နယ်နိမိတ်တိုင်းတာ ရေးအတွက် အမြန်ဆုံးပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimaragorn၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဌာနပိုင်မြေကွက်များပေါ်မှ တရားမဝင်ကွန်ကရစ်တိုင်များ ဖယ်ရှား

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက် ချင်းတွင်းလမ်းမဘေးရှိ ဌာနပိုင် မြေကွက်ပေါ်တွင် ၎င်းတို့ပိုင် လယ်ယာမြေဟုဆိုကာ တရားမဝင်ကွန်ကရစ်တိုင်များ လာရောက်စိုက်ထူ အကွက်ရိုက်နေသဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ရုံးအဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးရုံးမှ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်စည်ပင်သာယာ၊ စည်း/ ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သွားရောက် တားမြစ်စဉ် လယ်ပိုင်ရှင်ဟုအမည်ခံကျူးကျော် သူများအား အဆိုပါနေရာမှ ရှောင်တိမ်း သွား၍ ၎င်းတို့စိုက်ထူသည့် ကွန်ကရစ်အုတ်တိုင် များကို သိမ်းဆည်းပြီး **(အောက်ပုံ)** စည်ပင်သာယာ ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်သွားမည်ဟု သိရ သည်။

လင်းထက်ပိုင်(လှိုင်သာယာ)

ပြင်ဆင် ဖတ်ရှုပါရန်

၁၈-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၄ နှင့် ၉ တွင် ဖော်ပြ ထားသော "တောင်သမန်အင်း ရေပြည့်နေပြီး ဦးပိန်တံတားကြမ်းပြင်နှင့် ထိလုနီးပါးဖြစ်နေ" သတင်းတွင် ဦးပိန်တံတားအရှည်ကို ၁ ဒသမ ၂ ကီလိုမီတာဟု ပြင်ဆင်ဖတ်ရှုပေး ပါရန်။ (ဝဝ၂)

ကျူးကျော်အဆောက်အအုံများ ဖယ်ရှားပေးရန် ထပ်မံအသိပေးစာများဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးရှိ ကျူးကျော်အဆောက်အအုံများ၊ ဈေးဆိုင်၊ ခတ်ဆီဆိုင်များအား ရှင်းလင်းဖယ်ရှားပေးရန် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက အသိပေးအကြောင်းကြားစာများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်တံတားထိပ်မှ ထန်းတပင်ဧရိယာအစပ်ထိ ခြောက်မိုင်သုံးဖာလုံ ရှည်လျားပြီး ဘုရားလမ်းဆုံမှတ်တိုင်မှ ဘုရင့်နောင်တံတားထိပ်နှင့် လှိုင်သာယာဧရိယာအဆုံး မြစိမ်းချောင်းအထိ အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြို့နယ်စည်ပင်သာယာမှ ဒုတိယအကြိမ်မြောက် အသိပေးစာများဖြန့်ဝေခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာရုံး(မြို့ပြ)မှလည်း လမ်းဝဲ၊ ယာရှိ အဆောက်အအုံများအား စက်တင်ဘာ ၅ ရက်က ဒုတိယအကြိမ်မြောက် အကြောင်းကြားစာများဖြန့်ဝေထားပြီးဖြစ်ကြောင်းသိရသည်။

"အဓိကလမ်းမကြီးဖြစ်တဲ့ ရန်ကုန်-ပုသိမ်လမ်းမ ဝဲ၊ ယာ ကျူးကျော်တဲတွေကို ဩဂုတ်လနောက်ဆုံးပတ်က ပထမအကြိမ် အကြောင်းကြားစာတစ်စောင်ပေးပြီးပါပြီ၊ တတိယအကြိမ်အထိ အကြောင်းကြားစာကို ဆီးဂိမ်းအမီဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးက ပြောကြားပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ဤလမ်းမကြီးတစ်လျှောက်တွင် ကျူးကျော်တဲ ၆၃၈ လုံးရှိပြီး လမ်းမပေါ်မှ တဲနှင့် ဈေးဆိုင်များကို ဆောက်လုပ်ရေးမှရှင်းလင်းနေကြောင်း၊ အချို့နေရာများတွင် ပြည်သူကို အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်မှုများတွေ့ရှိရ၍ ဤသို့ဆောင်ရွက်သော အဖွဲ့အစည်းများအား မြို့နယ်ကော်မရှင်သို့တင်ပြ၍ လုပ်ငန်းကြန့်ကြာရန် ဟန့်တားမှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(သန်းထိုက်-လှိုင်သာယာ)

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရတနာပုံတက္ကသိုလ်(မန္တလေး)ဝင်းအတွင်း မြစ်ရေဝင်ရောက်

မန္တလေး စက်တင်ဘာ ၁၈

ယခုရာသီသည် မိုးရာသီဖြစ်သည်နှင့်အညီ ရေကြီးရာသီဆိုက မမှားပေ။ နိုင်ငံနှင့်အဝှမ်း တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့ဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေများမြင့်တက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ မြစ်ရေမြင့်တက်မှုကြောင့် ရေဘေးဒုက္ခသည်များ နိုင်ငံနှင့်အဝှမ်း တွေ့ကြုံခံစားနေကြရသည်ကိုလည်း တွေ့မြင်နေကြရသည်။ မိုးရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေမြင့်တက်၍ ရတနာပုံတက္ကသိုလ်(မန္တလေး) ဧရိယာဝင်းအတွင်း ရေများဝင်ရောက်ခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

ရတနာပုံတက္ကသိုလ်(မန္တလေး)တွင် နယ်မှ ကျောင်းလာတက်ကြသော ကျောင်းသား ကျောင်းသူအချို့သည် ရတနာပုံတက္ကသိုလ်အနီးရှိ ထန်းတော၊ အိုးဘို ကွက်သစ်များတွင် အဆောင်ငှားရမ်းနေကြရာ ၎င်းတို့နေထိုင်သော အဆောင်ပတ်ဝန်းကျင်တွင် မြစ်ရေဝင်ရောက်မှုကြောင့် အချို့ကျောင်းသားကျောင်းသူများ တက္ကသိုလ်စာမေးပွဲဖြေဆိုရန် လှေဖြင့် သွားလာကြရသလို အချို့ကျောင်းသားများအနေနှင့် အနည်းငယ်နက်သည့် ရေထဲမှ ခက်ခဲစွာသွားလာကြရကြောင်း သိရသည်။ "ကျောင်းပတ်ဝန်းကျင်မှာ ဘယ်နေရာမှာ ချိုင့်၊ ဘယ်နေရာမှာ လမ်းဆိုတာသိထားတော့ ပုဆိုးခါးတောင်းကျိုက်ပြီး ဖြတ်သွားလို့ရနေတာပဲ။ ဒါလေးများ" ဟု ဒုတိယနှစ်စာမေးပွဲဖြေဆိုမည့် ကျောင်းသားတစ်ဦးကလည်း ပြောဆိုသွားခဲ့သည်။

တောင်သမန်အင်းဘေးကန်ပတ်လမ်းပေါ်တွင်လည်း ရေလျှံနေမှုများကြောင့် မန္တလေးရတနာပုံတက္ကသိုလ် စာမေးပွဲဖြေဆိုရန်လာကြသော ကျောင်းသား ကျောင်းသူများ ခက်ခဲစွာသွားလာနေကြရကြောင်း သိရသည်။

(မောင်မောင်စိုး-မြစ်ငယ်)

မြန်အောင်မြို့နယ်၌ မြစ်ရေကြီး၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထား

မြန်အောင် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၁/၆)ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေမြင့်တက်လာခြင်းကြောင့် ဒေသခံရေဘေးသင့်အိမ် ထောင်စုဝင်များအား စက်တင်ဘာ ၁၈ ရက်က ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပေးပြီး အမှတ်(၅)ရပ်ကွက်အတွင်းရှိ ရေထိန်းတံခါးအခြေအနေအား တာဝန်ရှိသူများက လိုက်လံစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။

မြို့နယ်တာဝန်ရှိသူများသည် အမှတ်(၆)ရပ်ကွက် ကျောင်းကြီးဖြတ်လမ်းမှ နှင်းဆီခြံလမ်းအတွင်းရှိ ရေနစ်မြုပ်နေသော အိမ်ထောင်စု ၁၂၂ စုမှ လူဦးရေ ၄၈၄ ဦးအား ရွှေဘုံသာဘုရားဝင်းအတွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပေးကာ ကယ်ဆယ်ရေးလုပ်ငန်းကိုဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့နောက်အမှတ်(၅)ရပ်ကွက်အတွင်းရှိ ရေထိန်းတံခါးအား သွားရောက်ကြည့်ရှုကာ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ရေကြီးနစ်မြုပ်နေသော နေရာများအား သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြသည်။

မြန်အောင်မြို့နယ်တွင် ဧရာဝတီမြစ်ရေ၏စိုးရိမ်ရေမှတ်မှာ ၆၇ ပေဖြစ်ပြီး အန္တရာယ်ရေမှတ်မှာ ၇၂ ပေဖြစ်ကြောင်း၊ ယနေ့လက်ရှိရေမှတ်မှာ ၆၉ ဒသမ ၈၅ ပေဖြစ်သဖြင့် စိုးရိမ်ရေမှတ်သို့ ကျော်လွန်နေသော်လည်း ရေမှတ် ၇၅ ပေကျော်မှသာ မြို့တွင်းသို့ ရေဝင်နိုင်မည်ဖြစ်ကြောင်းနှင့် ယခုဖြစ်ပေါ်နေသော ရေမှတ်မှာ နှစ်တိုင်းတက်နေကျ ရေမှတ်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

(နေဝင်းဇော်-မြန်အောင်)

ကတ္တရာ/ကွန်ကရစ်လမ်းပေါ် လျှည်းမမောင်းရ

ဒိုက်ဦး စက်တင်ဘာ ၁၈

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၉ ခုနှစ် မတ်လက ဖွင့်လှစ်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများ အလွန်ဝမ်းသာကြရသည်။

ယင်းအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၇၂)မိုင် နှစ်ဖာလုံတံတားမှ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဒရယ်မီးတာဆုံအထိ ၁၅ မိုင် တစ်ဖာလုံရှည်သည့် ကတ္တရာ/ကွန်ကရစ်နှစ်မျိုးခင်း ဥသျှစ်ကုန်းလမ်း ဖောက်လုပ်ထားပြီး ၂၀၁၂ ခုနှစ်က စတင်အသုံးပြုလျက်ရှိသည်။

ထိုဥသျှစ်ကုန်းလမ်း ဝဲ၊ ယာတွင်ရှိသော ဥသျှစ်ကုန်းရွာ၊ တာဂွရှမ်းရွာ၊ ချင်းကန့်လန့်ရွာ၊ ပြောင်သေကုန်းရွာ၊ ဘုရားကြီးကုန်းရွာ၊ ဗျက်ကြီးရွာ၊ စမ်းမြောင်ရွာ၊ ဒိုးတန်းရွာ၊ တောင်ပို့ကိုးလုံးရွာ၊ ဦးမျောက်ကြီးကုန်း၊ လက်ပံသုံးခွရွာ၊ ရွှေအင်ဒုံရွာ၊ လေးအိမ်စုရွာ၊ အညာစုရွာနှင့် ဒရယ်မီးရပ်ကွက် (၈) ရှိ ဒေသခံပြည်သူများမှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြသည်။

လမ်း၏တချို့နေရာများ၌ နွားလှည်းများမောင်းနေကြောင်း **(အောက်ပုံ)** တွေ့ရသည့်အတွက် အကျည်းတန်လမ်းမ မဖြစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများက တားမြစ်ပေးရန် ဒေသခံများ ဆန္ဒရှိနေကြောင်း သိရသည်။

(ဆရာခ-ဒိုက်ဦး)



စာရေးကြသူများ

လူတိုင်းတွင် ဗီဇအားဖြင့် စိတ်၏သန်ရာ ဝါသနာတစ်ခု အနည်းဆုံးရှိတတ်သည်။ စာရေးစာဖတ်ခြင်းအလုပ်သည်ကား ဝါသနာဟုဆိုခြင်းထက် အထပ်ထပ်အခါခါ ဖြည့်ဆည်းလေ့လာမှု၏ အကျိုးရလဒ်ထူး "ပါရမီ" ဟုသာ ဆိုထိုက်ပါသည်။ စာဖတ်ခြင်း အလေ့အကျင့်နှင့် စာရေးခြင်းပညာကို လူလားမြောက်ရာ ဝန်းကျင်အသိုင်းအဝိုင်းကလည်း ပံ့သွင်းပေးတတ်သည်။

စာရေးကြသူများကို သတ္တုချကြည့်လျှင် ယေဘုယျအားဖြင့် သုံးမျိုးသုံးစား တွေ့နိုင်ပါသည်။ တချို့စာထဲက စာကိုရေးကြသည်။ စာတွေ့လက်တွေ့ပေါင်းစပ်ရေးကြသူများလည်းရှိသည်။ လူနည်းစုကား ဘဝထဲမှစာကို ထုတ်နုတ်ရေးသားပြီး လောကကို အကျိုးပြုတတ်ကြသည်။

စာထဲကစာကိုရေးကြသူများသည် "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုစကားနှင့်အညီ အထောက်အကူပြု ကိုးကားစရာကျမ်းကြီးကျမ်းငယ် အသွယ်သွယ်နှင့် သုတ၊ ရသစာပေအမျိုးမျိုးကို သိမ်းဆည်းသိုလှောင်၍စာပေရတနာဘဏ္ဍာတိုက် ပြုလုပ်ထားတတ်ကြသူများ ဖြစ်သည်။ ခေါင်းစဉ်တစ်ခုအတွက် အချက်အလက်ပေါင်းများစွာကို ရှာဖွေစုစည်းကာ ပန်းလိုသီစာကိုစီကုံးပြီး ကိုးကားရေးကြသူများဖြစ်သည်။ ဥပမာ-ရာသီစာများ၊ နေ့ထူးနေ့မြတ်များ၊ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များအကြောင်းကိုရေး၍ မှတ်တမ်းမှတ်ရာ ပြုစုကြသူများ။

စာတွေ့လက်တွေ့ ပေါင်းစပ်ပေးကာ ရေးကြသူများအတွက် စာထဲမှ စာကိုရေးနေကြသူများထက် အလုပ်ပိုအတွေးပိုရမည်။ သေချာသည်။ ဖတ်မှတ် လေ့လာခဲ့မှုနှင့် ဘဝသင်ခန်းစာများကို အံ့ဝင်ခွင်ကျစုစည်းရ၊ မှတ်ချက်ဆွဲရ၊ ကောက်ချက်ပြုရနှင့် အားသာချက်တစ်ခုမှာ ရရှိခဲ့ပြီး ဘဝသင်ခန်းစာများအတွက် တကူးတက အချိန်ပေးနေစရာ မလိုခြင်းပင်ဖြစ်သည်။

ဘဝထဲမှာ အဆီအနှစ်ရှာ စာပေရေးနေကြသူများကား လက်တွေ့ဘဝ အတွေ့အကြုံများအပေါ် ယုတ္တိဗေဒ သဘောအရ ခြုံယူဆင်ခြင်၊ ထုတ်ယူသုံးသပ် အနှစ်ထုတ်ရေးတတ်ကြသူများ၊ အရာရာတွင် တွေးခေါ်မြော်မြင် ပညာဦးစီးတတ်ကြသူများဖြစ်သည်။ လူနည်းစုဖြစ်နေလည်း ခေတ်တစ်ခေတ်၊ စနစ်တစ်ခုအပြင် လောကကိုပါ လွှမ်းခြုံနိုင်စွမ်းသူများ ဖြစ်နေတတ်ပါသည်။

စာရေးသူသုံးမျိုးသုံးစားကွဲပြားသလို ရေးသည့်စာများလည်း အကြောင်းခြင်းရာသုံးမျိုးရှိတတ်ပါသည်။ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုအပေါ် တချို့က အကောင်းရှုမြင်ရေးတတ်ကြသည်။ ဖေးဖေးမမရှိတတ်ကြသည်။ တချို့က အဆိုးမြင် အပြစ်ပြောအကုသိုလ်လည်း ပွားတတ်ကြသည်။ အဆိုးအကောင်းသည် သူတို့အလုပ်မဟုတ်။ ဖြစ်စဉ်ဖြစ်ရပ်အား စ၊ လယ်၊ ဆုံး ဂဃနဏမှတ်တမ်းတင်တင်ပြခြင်းကိုတစိုက်မတ်မတ် ပြုတတ်ကြသည်။ သတင်းသမား၏ ကျင့်ဝတ်နှင့် အလုပ်တာဝန်။

ဖြစ်ရပ်တိုင်းတွင် အဆိုးအကောင်း ဒွန်တွဲရှိနေစမြဲ။ ရှုမြင်သူ၏စေ့ဆော်မှု စေတနာက အဆိုးအကောင်း ဖြစ်သွားရတတ်သည်။ ယေဘုယျအားဖြင့် အကောင်းများလျှင် အကောင်းမြင်၍ရသလို အဆိုးများပါက သတင်းဆိုးဟု သတ်မှတ်၍ရသည်။ သို့သော် မိမိတို့ သတိမူသင့်သည်မှာ တစ်ခါတစ်ရံ 'တစ်သက်လုံးစားလာသည့်ကွမ်း သံပရာတစ်ခြမ်းမျှ' ဆိုသလို 'အကောင်းအဆိုးတူရာ ကိုးခုကို အဆိုးအကောင်းတစ်ခုတည်းက လွှမ်းခြုံဝါးမျိုအဆုံးအဖြတ်ပြု စွမ်းနိုင်မှုများလည်း ရှိတတ်သည်ဆိုခြင်းပင်ဖြစ်သည်။

"လူတစ်ယောက်အကြောင်း၊ အကောင်းပြောစရာ မရှိပါက မပြောဘဲ တိတ်တိတ်နေ၏" ဘင်ဂျမင်ဖရင်ကလင်၏ နှုတ်ဖျားပျားသကာစကား။ အကောင်းရှုမြင်တတ်သူတစ်ဦး၏ လောကကိုချဉ်းကပ်မှု၊ တချို့ကား 'ဂျေဒိုးနတ်' မုန့်၏အလယ်က အခေါင်းပေါက်ကိုဖြစ်အောင်မြင်အောင် လက်ညှိုးထိုး အပြစ်ပြောတတ်ကြသူများ။

တစ်စုံတစ်ဦး၏စိတ်မနောကို ထိုပုဂ္ဂိုလ်ရေးသည့်စာက လှစ်ဟပြတတ်သည်။ ဖတ်ကြည့်ရုံနှင့် အတွင်းအဇ္ဈတ္တသဏ္ဌာန်ကို ထင်းကနဲတွေ့နိုင်သည်။ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရောသမမွှေထားသည့် လောကနယ်နေတတ်သူအတွက် နေချင့်စဖွယ်။ မနေတတ်က သောကပွေ၊ ရှုမြင်ကြည့်တတ်က ဘာဝနာ၊ မမြင်တတ်က တဏှာ။ စာရေးကြသူများဆင်ခြင်စရာ။ ဘာဝနာကငြိမ်းချမ်းမှု၊ တဏှာပေသည် အပူနယ်။ အပူစာနှင့် အအေးစာသည် စာရေးကြသူများကြောင့်ဖြစ်လာခဲ့ရသည်။ တချို့ကိုယ်တိုင်လည်း လောင်မြိုက်ခံနေရပြီး ဝန်းကျင်ကိုလည်း လောင်ကျွမ်းစေသည်။ တချို့ငြိမ်းချမ်းမှုအတိနှင့် ရှိနေပြီး ဆက်နွှယ်ရာသို့ ချမ်းမြေ့မှုကို မျှဝေပေးနေသူ။ စေ့ဆော်မှုစေတနာမတူကြသောအခါ သက်ရောက်မှုသည်လည်း အဖြူအမည်း အပူအအေးကွဲပြားသွားရသည်။

ရေးသူဖတ်သူအပူနယ်မှ ရှောင်ကွင်းနိုင်ကြပါစေ။ ။

○ အောင်ကျော်ညို(ဆင်ချဆိပ်) ○

ရေတာရှည်မြို့နယ်တွင် မိုးသည်းထန် မြို့ရပ်ကွက်များနှင့် လယ်ယာမြေများ ရေနစ်မြုပ်

ရေတာရှည် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၄ ရက်က အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် ပဲခူးရိုးမမှ စီးဆင်းသော စမိုးချောင်း ချောင်းရေလျှံ၍ ရေတာရှည်မြို့ အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်နှင့် အခြားသောရပ်ကွက်များတွင် အိမ်ခြေ ၁၀၀ ခန့် ရေများဝင်ရောက်ခဲ့သည်။

ထို့အတူ ရေတာရှည်မြို့ မြို့မ စည်ပင်သာယာဈေးရှေ့ မဂ္ဂင်လမ်း၊ ပေါ်ဦးလမ်း၊ ရာဇဓိရာဇ်လမ်းနှင့် အမှတ်(၁)ရပ်ကွက် မူလတန်းလွန်ကျောင်းဝင်းများတွင် ရေတစ်ပေခွဲခန့်အထိ ဝင်ရောက်ခဲ့သည်။ အလားတူ ချောင်းငယ်၊ မြောင်းငယ်များ ရေလျှံမှုကြောင့် ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင် တောရေများဝင်ရောက်ခဲ့ပြီး အနီးဝန်းကျင်ရှိ စပါးစိုက်ခင်းများ နစ်မြုပ်ခဲ့သည်။ "ရေမြောင်းတွေက ပြန်ဖော်ဖို့လိုတယ်။ အချို့နေရာတွေမှာ ပိတ်နေပြီး အဓိကရေနုတ်မြောင်းကြီးတွေမှာ မြက်ပင်၊ ပေါင်းပင်တွေ အများအပြားပဲ၊ ရေဝင်ရောက်တဲ့အားနဲ့စာရင် ပြန်ထွက်တဲ့နှုန်းကနှေးလို့ ရပ်ကွက်လမ်းတွေ ရေလျှံတာ" ဟု မြို့ခံတစ်ဦးက ပြောသည်။

(၅၃၈)

ကမ်းပါးမြေပြိုကျမှုအားပြုပြင်

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်ကျေးရွာအုပ်စု အမှတ်(၄)ရပ်ကွက်ရှိ ရေကာတာ(ပန်းတာ) မိုင်တိုင်အမှတ်(၁၄/၃-၄)ကြားတွင် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကမ်းပါး မြေလေးပေခန့်ပြိုကျခဲ့ပြီး အမှတ်(၁/၂/၃/၄) ရပ်ကွက်များအတွင်း မြစ်ရေတစ်ပေခန့်ဝင်ရောက်ခဲ့သဖြင့် ကနောင်ရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ ခန့်မှ သဲအိတ်ချခြင်း၊ မျောတိုင်စိုက်ခြင်း၊ မြေဖို့ခြင်းများဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီတွင်ပြီးဆုံးခဲ့ပြီး ရေဝင်ရောက်မှုရပ်တန့်သွားကြောင်း သိရသည်။

(ရဲပြန်ကြား)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

အလွတ်တန်းဆောင်းပါးပြိုင်ပွဲ

၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်းပူးပေါင်းပေး" "A Not So Obvious Conversation Living With Disability and Disasters"ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စာမူများကို အမည်၊ မှတ်ပုံတင် အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ကတိဝန်ခံချက် ပူးတွဲလျက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော်သို့ ၃၀-၉-၂၀၁၃ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက်နောက်ကျမှ ရောက်ရှိလာသော စာမူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့မှ အောက်ပါအတိုင်း ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၆၇-၄၀၄၀၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။) (http://www.unisdr.or g/2013/iddr တွင် မှီငြမ်းရန် အချက်အလက်များရှာဖွေ လေ့လာနိုင်ပါသည်။)

ပထမဆု	-	၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)
ဒုတိယဆု	-	၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ)
တတိယဆု	-	၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)

အမည်ပြောင်း

အိမ်အမှတ်- ၅၆/၅၈၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်သိန်းနုခိုင်အား ယနေ့မှစ၍ ဒေါ်သန်းသန်းနုဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဒေါ်သန်းသန်းနု

ကျေးဇူးဆပ်ပါမည်

ကွန်မ မထက်ထက်လွင်[၁၂/လမတ(နိုင်) ၀၃၃၆၃၈]၏ passport MA-၂၃၁၀၈၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၇၃၀၉၇၃၂

[illegible]

(LL.B., LL.M.)

[illegible]

မြန်မာ့ရုပ်ရှင်လောက၏ ပထမဆုံးအကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့သူ လေးထပ်ကွမ်းအကယ်ဒမီဆုရှင် ဝဏ္ဏကျော်ထင် ဒေါ်ကြည်ကြည်ဌေး

အနုသုခုမပညာရပ်တစ်ခုဖြစ်သည့် ရုပ်ရှင်အတတ်ပညာ၏ ခေတ်ဦးသမိုင်းအစ ပထမတွင် အသံတိတ်ရုပ်ရှင်များဖြင့်သာ အစပြုခဲ့ပါသည်။ ကမ္ဘာ့ရုပ်ရှင်ပေါ်ထွန်းပြီး ၂၅ နှစ်အကြာတွင် မြန်မာရုပ်ရှင်လုပ်ငန်း စတင်ပေါ်ပေါက်ခဲ့ပါသည်။

မေစန္ဒာ - ရေးသားသည်

မြန်မာပြဇာတ်နှင့် ရုပ်ရှင်အနုပညာသမိုင်းကြောင်းတွင် ခေတ်တစ်ခေတ်ကို အခိုင်အမာစိုက်ထူနိုင်ခဲ့သူများတွင် ပထမဆုံးသော အမျိုးသမီးအကယ်ဒမီထူးချွန်ဆုရှင်တစ်ဦးဖြစ်သည့် လေးထပ်ကွမ်းအကယ်ဒမီဆုရှင် မင်းသမီး ကြည်ကြည်ဌေးသည်လည်း အပါအဝင်ဖြစ်ပါသည်။

မင်းသမီး ကြည်ကြည်ဌေးသည် သာယာဝတီခရိုင် ကျွဲသတ်ကျေးရွာဇာတိဖြစ်ပြီး အမည်အရင်းမှာ မသိန်းကျင်ဖြစ်ပါသည်။ အစ်မဖြစ်သူ ဒေါ်သိန်းရှင်သည်လည်း မြန်မာ့ရုပ်ရှင်လောကတွင် အကယ်ဒမီဒေါ်သိန်းရှင်အဖြစ် ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်။ မင်းသမီး ကြည်ကြည်ဌေးကို သင်ပုန်းကြီးစသင်ပေးခဲ့သော လက်ဦးဆရာမှာ သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံဖြစ်သော်လည်း ကြည်ကြည်ဌေးသည် ငယ်စဉ်ကတည်းက ကျောင်းစာထက် အဆို၊ အက၊ သဘင်အနုပညာဘက်ကို ပိုမိုဝါသနာထုံခဲ့သူတစ်ဦးဖြစ်သည်။

တောက်မည့်မီးခဲတရဲရဲဟု ဆိုရလောက်အောင်ပင် ကြည်ကြည်ဌေးသည် (၆)နှစ်သမီးအရွယ်တွင် ဒေါ်လေးဖြစ်သူ၏ ဇာတ်ထဲတွင်‘အောင်မြကျင်’အမည်ဖြင့် အစ်မများနှင့်အတူ အပျိုတော် ၁၂ ခန်း ကပြခဲ့သည်။ ထို့နောက် လူရွှင်တော် ဦးနတ်ပန်းနှင့် ‘မုဆိုးကတော်’ တစ်ခန်းရပ်ပြဇာတ်တွင်လည်း ပါဝင်ကပြခဲ့ရာ ထိုအရွယ်ကတည်းက ပရိသတ်၏အထူးအားပေးမှုကို ရရှိခဲ့သူတစ်ဦးဖြစ်သည်။ အသက်ငယ်ငယ်နှင့် မင်းသမီးပေါက်စ ကြည်ကြည်ဌေးသည် ‘အောင်မြကျင်’အမည်ဖြင့် တစ်ရှိန်ထိုးကျော်ကြားလျက်ရှိချိန်တွင် ဇာတ်ခေါင်းကွဲပြီး နယားပုံ့ဆရာခ၏ ဇာတ်သို့ရောက်ရှိခဲ့ကာ ယင်းဇာတ်ထဲတွင် မင်းသားကြီးရွှေနှင့် တွဲဖက်၍ အောက်ချင်းဖို၊ အောက်ချင်းမ ပြဇာတ်ကို ကပြခဲ့ရာ အလွန်အောင်မြင်ခဲ့သဖြင့် ပုဂံ၊ ညောင်ဦး၊ မကွေး၊ ချောက်၊ စလင်း၊ စကု စသည့် မြို့များ၌ မနားတမ်းကပြခဲ့ရသည်။

စစ်ပြီးခေတ်တွင် ပြဇာတ်ခေတ်သို့ ရောက်သောအခါ ကြည်ကြည်ဌေးသည် မာလာရီအမည်ဖြင့် ထင်ရှားစပြုလာချိန်ဖြစ်ပါသည်။ ထို့နောက် ကာဌေးရုံ၌ ပြဇာတ်မင်းသမီး ရွေးပွဲတွင် ကြည်ကြည်ဌေးအမည်ဖြင့် ဒုတိယရရှိခဲ့သဖြင့် ဒါရိုက်တာဦးသုခ၏ ချစ်ကုမ္ပဏီပြဇာတ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ကပြသရုပ်ဆောင်ခွင့်ရရှိခဲ့သည်။

ထိုသို့ ပြဇာတ်လောကတွင် ကြည်ကြည်ဌေးအမည်ဖြင့် နာမည်ရလာခဲ့ပြီးနောက် ညောင်ရေသဘင်၊ ဂီတာလုလင်၊ နှစ်ဆင့်မေတ္တာ စသည့်ပြဇာတ်များတွင် ဆက်တိုက်ဆိုသလို ပါဝင်ကပြခဲ့ရပြီး ထိုစဉ်က ကြည်ကြည်ဌေးကို ပြဇာတ်ဘုရင်မဟုပင် တင်စားခေါ်ဝေါ်လာကြပါသည်။ ထိုမှတစ်ဆင့် ပြဇာတ်မင်းသမီး ကြည်ကြည်ဌေးသည် ရုပ်ရှင်လောကသို့ ကူးပြောင်းရောက်ရှိလာခဲ့ပြန်ပါသည်။

ပြဇာတ်လောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသော မင်းသမီးကြည်ကြည်ဌေးသည် အေဝမ်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ မောင်တင်မောင် ရိုက်ကူးသည့် ‘ချစ်သက်ဝေ’ဇာတ်ကားကို မင်းသမီး မေရှင်နှင့် ရိုက်ကူးရန် စီစဉ်ထားသော်လည်း မေရှင် မအားလပ်သဖြင့် ယင်းဇာတ်ကားတွင် ကြည်ကြည်ဌေး ပါဝင်သရုပ်ဆောင်ခဲ့ရာ မြန်မာ့ရုပ်ရှင်လောကတွင် ထင်ရှားသည့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယင်းဇာတ်ကားဖြင့်ပင် အမျိုးသမီးပညာသည်ဆုကို ရရှိခဲ့ပါသည်။ ယင်းအချိန်က ရုပ်ရှင်ထူးချွန်ဆုကို အကယ်ဒမီဟု မခေါ်တွင်သေးဘဲ အမျိုးသား၊ အမျိုးသမီးပညာသည်ဆုဟုသာ ခေါ်တွင်စေခဲ့သည့်အချိန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အကယ်ဒမီမင်းသမီး ကြည်ကြည်ဌေးသည် ၁၉၅၆ ခုနှစ်တွင် ‘ချစ်ခွင့်မပိုင်’ဇာတ်ကားဖြင့် ရုပ်ရှင်ထူးချွန်ဆုကိုလည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ‘နုနုငယ်ငယ်’ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့အကယ်ဒမီဆုကိုလည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် ‘လူဇော်’ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့အကယ်ဒမီဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ပါသည်။ ထို့အပြင် အကယ်ဒမီလေးထပ်ကွမ်းဆုရှင် အကယ်ဒမီများရှင် ဒေါ်ကြည်ကြည်ဌေးကို နိုင်ငံတော်မှ ဝဏ္ဏကျော်ထင်ဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် မြန်မာ့ပြဇာတ်နှင့် ရုပ်ရှင်လောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သည့် အနုပညာကြယ်တစ်ပွင့်ဖြစ်သည့် အကယ်ဒမီများရှင် ဝဏ္ဏကျော်ထင် ဒေါ်ကြည်ကြည်ဌေးသည် အသက်(၇၆)နှစ်အရွယ်တွင် အနုပညာလောကကြီးကို အပြီးတိုင် စွန့်ခွာသွားခဲ့သည်။

(၆)နှစ်သမီးအရွယ်မှ စတင်ကာ အနုသုခုမသဘင်ပညာရပ်ကို အရှုံးအမူးလေ့လာလိုက်စားခဲ့ပြီး အခက်အခဲအတားအဆီးအမျိုးမျိုးကြားမှ မိမိဝါသနာပါသည့် အနုပညာလမ်းကြောင်းကို အတိမ်းအစောင်းမခံဘဲ မဆုတ်မနစ်ကြိုးစားခဲ့ကာ အဆို၊ အငို၊ အပြော၊ သရုပ်ဆောင်ကောင်းချက်များကြောင့် တစ်ခေတ်တစ်ခါက တော်လို့ကျော်ခဲ့သူ လေးထပ်ကွမ်းအကယ်ဒမီဆုရှင် ဝဏ္ဏကျော်ထင် ဒေါ်ကြည်ကြည်ဌေးသည် မြန်မာ့ပြဇာတ်နှင့် ရုပ်ရှင်လောကတွင် မေ့ဖျောက်မရနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်ကတော့ အသေအချာပင်ဖြစ်ပါတော့သည်။ ။

Cube DC နှင့် စာချုပ်သစ်ချုပ်ဆိုလိုက်သည့် ရိန်း



ပြည်သူ့အချစ်တော် အနုပညာရှင်တစ်ဦးဖြစ်သည့် တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင်၊ အကပညာရှင် ရိန်းသည် မကြာမီက စစ်မှုထမ်းတာဝန်များပြီးဆုံးခဲ့ပြီး ၎င်း၏အနုပညာလှုပ်ရှားမှုများ ပြန်လည်အရှိန်မြှင့်တင်ရန်အတွက် စက်တင်ဘာ ၁၆ ရက်က Cube အင်န်တာတိန်းမန့်ကုမ္ပဏီနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ယခုအခါ ရိန်းသည် Cube DC ၏ တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပြီး အဆိုပါကုမ္ပဏီအနေဖြင့် ရိန်းနှင့် ပူးပေါင်းမည့် ကြေညာချက်ကို ယခုနှစ် မေလကတည်းက ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရသည်။ တောင်ကိုရီးယားနိုင်ငံ၏ အကျော်ကြားဆုံးသော အနုပညာရှင်တစ်ဦးဖြစ်သည့် ရိန်းအနေဖြင့် အဆိုပါကုမ္ပဏီနှင့် တရားဝင်စာချုပ်ချုပ်ဆိုပြီးနောက် အနာဂတ်တွင် မည်ကဲ့သို့ အနုပညာလှုပ်ရှားမှုမျိုး ပြုလုပ်မည်ကို ပရိသတ်များအနေဖြင့် စိတ်ဝင်တစားရှိနေကြကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

စပိန်လာလီဂါရင်ခုန်သံ (၅) ရှိုင်းမင်းမင်း

စပိန်လာလီဂါပွဲစဉ်(၅)ကို စက်တင်ဘာ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ပွဲစဉ်(၄)တုန်းက နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ ရီးရဲမက်ဒရစ်အနေနဲ့ ဂီတာဖေးနဲ့ ရင်ဆိုင်ရချိန်မှာ နိုင်ပွဲရှာဖွေနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။

အိုဆာစူနာ - အဲလ်ချီ **နံနက် ၁း၃၀ (၂၁-၉-၂၀၁၃)**

လေးပွဲကစားပြီးချိန်မှာ လေးပွဲလုံးရှုံးပြီး နှစ်ဂိုးသာရကာ ခုနစ်ဂိုးအထိ ပေးထားရတဲ့ အိုဆာစူနာခြေ သာမန်ထက်တောင်နိမ့်ကျနေတယ်။ အဲလ်ချီကလည်း နိုင်ပွဲမရှိသေးတဲ့အတွက် ရုန်းကန်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုတွေ ရှိနေတယ်။ အိမ်ကွင်းမှာ အိုဆာစူနာသရေလောက် ထိန်းကစားနိုင်မှာပါ။

ဆိုစီဒက် - မာလာဂါ **ည ၈း၃၀ (၂၁-၉-၂၀၁၃)**

ဆိုစီဒက်ခြေ အားနည်းမှုအနည်းငယ်ရှိတယ်။ လေးပွဲမှာ တစ်ပွဲသာနိုင်တယ်။ ချန်ပီယံလိဂ်ကစားခဲ့ရလို့လည်း ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်း ဖြစ်တယ်။ မာလာဂါက နှစ်ပွဲဆက်တိုက်အရှုံးကင်းခဲ့တယ်ဆိုပေမယ့် အဝေးကွင်း ပွဲတွေမှာတော့ အားပျော့တတ်တယ်။

ဗယ်လီကာနို - ဘာစီလိုနာ **နံနက် ၀၀း၃၀ (၂၂-၉-၂၀၁၃)**

ချန်ပီယံလိဂ်ကြောင့် ဘာစီလိုနာပွဲပန်းလာနိုင်တယ်။ လက်ရှိခံစစ်ကစားပုံ လည်း မတည်ငြိမ်ဘူး။ ဒါပေမယ့် ဗယ်လီကာနိုက သုံးပွဲဆက်တိုက်ရှုံးပြီး ခြေကျနေတယ်။ ခံစစ်ကစားပုံလည်း အားပျော့လို့ ဘာစီလိုနာတိုက်စစ်ကိုထိန်းဖို့ ခက်တယ်။

ဗယ်လာဒိုးလစ် - အက်သလက်တီကို **နံနက် ၂း၃၀ (၂၂-၉-၂၀၁၃)**

ဒီရာသီမှာ အက်သလက်တီကိုခြေကောင်းနေတယ်။ အထူးသဖြင့် တိုက်စစ် ကစားပုံထက်မြက်တယ်။ ဗယ်လာဒိုးလစ်က နိုင်ပွဲစတင်ရရှိခဲ့ပြီဆိုပေမယ့် တိုက်စစ်က အားပျော့သလို အသင်းလိုက်ကစားပုံလည်း အားနည်းတယ်။

ဆဲလ်တာဗီဂို - ဗီလာရီးရဲ **ည ၉း၃၀ (၂၂-၉-၂၀၁၃)**

တန်းတက်အသင်းဆိုပေမယ့် ရီးရဲမက်ဒရစ်ကို သရေကစားခဲ့တဲ့အပြင် လေးပွဲမှာအရှုံးလုံးဝမရှိတဲ့ ဗီလာရီးရဲရဲ့ကစားအားက အကောင်းဆုံးပုံစံမှာ ရှိပါတယ်။ ဆဲလ်တာဗီဂိုကလည်း အိမ်ကွင်းမှာကစားရမှာဖြစ်သလို ဘီလ်ဘိုနဲ့ မကစားခင်အထိ အရှုံးမရှိသေးဘူး။

ရီးယဲလ်မက်ဒရစ် - ဂီတာဖေး **ည ၁၁း၃၀ (၂၂-၉-၂၀၁၃)**

အိမ်ကွင်းမှာ ဂီတာဖေးကိုလက်ခံကစားရတိုင်း ရီးယဲလ်မက်ဒရစ်တို့ ရလဒ်ကောင်းလေ့ရှိပါတယ်။ လက်ရှိအချိန်မှာလည်း ဂီတာဖေးက လေးပွဲ ကစားပြီးချိန်မှာ တစ်ပွဲသာနိုင်ပါသေးတယ်။ ရီးယဲလ်က ဗီလာရီးရဲနဲ့ သရေကျခဲ့လို့ နိုင်ပွဲပြန်ရှာမယ့်အချက်လည်းရှိတယ်။ ချန်ပီယံလိဂ်ကြောင့် ပွဲပန်း နိုင်ပေမယ့် ရီးယဲလ်နိုင်ပွဲရမှာပါ။

ဂါလာတာစာရေးအိမ်ကွင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း ဂိုးပြတ်အနိုင်ရ ချန်ပီယံလိဂ်သမိုင်း၌ စတုတ္ထမြောက် သွင်းဂိုးအများဆုံးသွင်းယူနိုင်သူ စီရိုနယ်လ်ဒိုဖြစ်လာ

ဂါလာတာစာရေးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)အဖြစ် တူရကီကလပ် ဂါလာတာစာရေး အသင်း အိမ်ကွင်း၌ စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာ တာစာရေးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ရာမို့စ်၊ ပီပီ၊ အာဘီလိုဝါ၊ မိုဒရစ်၊ ခီဒီရာ၊ ဒီမာရီယာ၊ အစ္စကို၊ စီရိုနယ်လ်ဒိုနှင့် ဘင်ဇီမာ တို့ကို ပွဲထွက်ကစားသမားများအဖြစ် ပွဲထုတ်လာသော ဧည့်သည် ရီးယဲလ် မက်ဒရစ်အသင်းသည် ပွဲကစားချိန် ၃၃ မိနစ်တွင် မာလာဂါအသင်းမှ ခေါ် ယူကာ ကွင်းလယ်အတွက် အားဖြည့် ထားသည့် အစ္စကိုက ရီးယဲလ်မက် ဒရစ်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ရာ ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ၅၄ မိနစ်တွင် ဘင်ဇီမာ က တစ်ဂိုးစတင်သွင်းယူပေးခဲ့ပြီး ၆၃ မိနစ်နှင့် ၆၆ မိနစ်တို့တွင် စီရိုနယ်လ်ဒို က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ နောက် ဘင်ဇီမာက ၈၁ မိနစ်တွင် နောက်ထပ်တစ်ဂိုးနှင့် မိနစ် ၉၀ တွင် စီရိုနယ်လ်ဒိုက တစ်ဂိုးထပ်မံ သွင်းယူ ပေးခဲ့ကြသည်။ ရှုနိုက်ဒါနှင့် ဒရော့ဘာ တို့ ဦးဆောင်လာသည့် ဂါလာတာ စာရေးအသင်းမှာမူ ပွဲကစားချိန် ၈၄ မိနစ်ရောက်မှသာ ဘူးလက်၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့သော်လည်း ခြောက်ဂိုး-တစ်ဂိုးဆိုသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်၏ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်းတန် ကစားသမား ဂါရတ်ဘေးလ်မှာ ပွဲကစားချိန် ၆၅ မိနစ် ရောက်မှ ကွင်းလယ်ကစားသမား အစ္စကို၏နေရာတွင် လူစားလဲကစား ခဲ့ရခြင်းကြောင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း တောင်ပံကစား သမား စီရိုနယ်လ်ဒိုမှာမူ ရီးယဲလ်မက် ဒရစ်အသင်းအတွက် ဟက်ထရစ် သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် စီရိုနယ်လ်ဒို၏ ချန်ပီယံ လိဂ်သွင်းဂိုးသည် ၅၃ ဂိုးရှိခဲ့ပြီဖြစ်၍ ၇၁ ဂိုးသွင်းယူထားသည့် တိုက်စစ်မှူး ရောလ်၊ ၅၉ ဂိုးသွင်းယူထားသည့် တိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် ၅၆ ဂိုးသွင်းယူထားသည့် တိုက်စစ်မှူး နစ္စတယ်ရွိုင်းတို့၏နောက် ချန်ပီယံ လိဂ်သမိုင်းကြောင်းတွင် စတုတ္ထ မြောက်သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာခဲ့သည်။

အသင်းကြီးများအားလုံးနီးပါး နိုင်ပွဲရရှိခဲ့သည့် ချန်ပီယံလိဂ် အုပ်စုအဖွင့်

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၁)၏ ပထမနေ့ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစား ခဲ့ရာ ပီအက်စ်ဂျီ၊ ဘိုင်ယန်၊ မန်စီးတီး၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ် စသည့် အသင်းကြီးများ နိုင်ပွဲကိုယ်စီရရှိခဲ့ကြ သည်။

အုပ်စု(A)တွင် ကျရောက်နေသည့် မန်ယူအသင်းနှင့် လေဗာကူဆင် အသင်းတို့၏ ပွဲစဉ်တွင် မန်ယူသည် ရွန်းနီ၊ ဗန်ပါစီ၊ ကာဂါဝါတို့အပြင် ဖယ် လိုင်နီ၊ ကားရစ်၊ ဗလင်စီယာ စသည့် ကစားသမားများဖြင့် ပွဲထွက်လာပြီး ရွန်းနီ၏ သွင်းဂိုးနှစ်ဂိုး၊ ဗန်ပါစီ၏ သွင်းဂိုးတစ်ဂိုးနှင့် ဗလင်စီယာ၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် ဧည့်သည်လေဗာ ကူဆင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အိုလံပီယာကို့စ် အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ ပွဲစဉ်တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၏ ပင်နယ်တီပြစ်ဒဏ်ဘောကန်သွင်းမှု လွဲချော်ခဲ့သော်လည်း ကာဗာနီ၏ သွင်းဂိုးတစ်ဂိုး၊ သီယာဂိုမော့တာ၏ သွင်းဂိုးနှစ်ဂိုးနှင့် မာကွင်ဟိုစ်၏ သွင်း ဂိုးတစ်ဂိုးတို့ဖြင့် ပီအက်စ်ဂျီအသင်းက အိုလံပီယာကို့စ်အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်နှင့် စီအက်စ်ကေအေမော်စကိုတို့၏ ပွဲစဉ် တွင် ဒေးဗစ်အယ်လ်လာဘာ၊ မာရီယို မန်ဇူကစ်နှင့် အာဂျန်ရော်ဘင်တို့၏ သွင်းဂိုးများဖြင့် ဘိုင်ယန်မြူးနစ် အသင်းက စီအက်စ်ကေအေမော်စကို အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိ ခဲ့သည်။

ကိုပင်ဟေဂင်အသင်းနှင့် ဂျူဗင် တပ်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း ဗစ် တိုးရီးယားပယ်ဇန်နှင့် မန်စီးတီး အသင်းတို့၏ ပွဲစဉ်တွင် တိုက်စစ်မှူး ဇက်ကို၊ နောက်ခံလူယာယာတိုရေးနှင့် တိုက်စစ်မှူးအဂူရိုတို့၏ သွင်းဂိုးများ ဖြင့် မန်စီးတီးအသင်းက ကိုပင် ဟေဂင်၏ အိမ်ကွင်းတွင် သုံးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့ပြီး ရီးယဲလ်ဆိုစီဒက် အသင်းနှင့် ရှက်ခ်တာဒိုးနက်စ်ခ် အသင်းတို့၏ ပွဲစဉ်တွင် ရှက်ခ်တာ ဒိုးနက်စ်ခ်အသင်းက ရီးယဲလ်ဆိုစီဒက် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့သည်။

ငွေကြယ်



အားကစားမြှင့်တင် စိတ်လန်းရှင်
ဆန့်ကျင်မှုးယစ်ဆေး



ဖခင်အမည်မှန်

မောင်လွမ်းဝေစိုး၊ ကျိုက်ထိုမြို့၊ အထက-၁၊ ဒသမတန်း(1D)မှ မောင်ချစ်ကိုကိုဝင်း၊ ပဥ္စမတန်း (C)မှ မောင်ချစ်ကိုကိုဇော်၏ ဖခင် အမည်မှန်မှာ ဦးခင်ဇော်ဖြစ်ပါ သည်။

ပျောက်ဆုံး

ကျွန်တော် မောင်ဖုန်းအောင်(ခ)ဖကွန် ဖုန်းအောင်၏ P.P-No (MA-၀၈၂၃၆၀) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၂၄၀၂၄၁၈

သင့်သွေးဖြင့်အသက်ကယ်ပါ

အမြန်ပြန်လာပါ

အထက်ပါဓာတ်ပုံရှင် မနီလာထွန်း မှတ်ပုံတင်အမှတ် [၁၂/ကမတ(နိုင်)၀၇၃၈၄၇]အရပ် ၅ပေ သည် ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း မိသားစုနှင့်အမြန်ဆက်သွယ်ပေးပါ။ အိမ်ရောင်းလိုက် ပါသဖြင့် အိမ်ကိစ္စကိုလာဖြေရှင်းပေးပါ။ အမေလည်း စိတ်ပူနေပါတယ်။ တွေ့ရှိသူများ အကြောင်းကြား ပေးပါ။ ကျေးဇူးဆပ်ပါမည်။

ကိုဝင်းထွန်းလတ် ဖုန်း-၀၉၄၂၀၂၈၅၉၅၆

အများသိစေရန်ကြေညာခြင်း

စတားယူနတီဂရုကုမ္ပဏီလီမိတက်နှင့်ပတ်သက်သောသူများသိစေရန်-

စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ ၂၉-၇-၂၀၁၃ ရက် နံနက် ၉း၄၅ နာရီတွင် ကျင်းပသော အစည်းအဝေး(စုံညီ) ဆုံးဖြတ်ချက်အရ ရှယ်ယာရှင်(၂)ဦးဖြစ်သော ဦးတင်ကိုကို [၁၄/မအပ(နိုင်)၁၅၉၁၃၂]နှင့် ဒေါ်ခင်သိန်းမော် [၁၂/သဃက(နိုင်) ၀၁၁၇၈၂]တို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် ၁၉-၈-၂၀၁၃ရက် မွန်းလွဲ ၂ နာရီတွင် စာရင်းနှင့်ငွေသားများ အပြီးသတ် ရှင်းလင်းနုတ်ထွက်ပြီးဖြစ်ပါသည်။

သို့ပါ၍ ၁၉-၈-၂၀၁၃ရက် မွန်းလွဲ ၂ နာရီတွင် စာရင်းများရှင်းပြီး နောက်ပိုင်း စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ ကုန်အမှတ်တံဆိပ်ပစ္စည်းများနှင့် လုပ်ငန်း အားလုံးသည် ရှယ်ယာရှင်ဒေါ်ကြည်ကြည်အေး[၇/ဝမန(နိုင်)၀၀၀၈၀၃]နှင့် ကျန် အစုဝင်များ၏ ပိုင်ဆိုင်မှုဖြစ်ကြောင်းကို စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ နယ်အရောင်း၌ာနခွဲ Stockistများအားလုံးနှင့် ကိုယ်စားလှယ်များအားလုံး သိရှိ စေရန် ကြေညာအပ်ပါသည်။

ဦးအောင်အောင်
Managing Director
Star Unity Group Co.,Ltd

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်အနောက်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မှော်ဘီမြို့ အမှတ် (၄) လမ်းဆုံအနီး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းနေစဉ် တိုက်ကြီးမှ မှော်ဘီသို့ မင်္ဂလာဒုံမြို့နယ်နေ သန်းစိုး(၃၇)နှစ် မောင်းနှင်ပြီး ဘားအံမြို့ (၂) ရပ်ကွက်နေ ခင်မောင်သိန်း (၃၉)နှစ်နှင့် မျိုးကြည်(၄၅)နှစ်တို့ လိုက်ပါလာသည့် ၆ယ/---- Fuso အမျိုးအစား ၁၂ ဘီးယာဉ်အား စစ်ဆေးခဲ့ရာ သန်းစိုး၏ဘေးရှိ အနက်ရောင် အိတ်အတွင်း မိုင်းကိုင်စက္ကူဖြင့်ပတ်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် WYနှင့် R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁၅ ပြား၊ တိပ်ဖြင့်ပတ်လျက် အနီရောင်အအေးစုပ်ပိုက်များဖြင့် ထည့်ထားသည့် WY နှင့် R စာတန်းရောရာ စိတ်ကြွဆေးပြား ၅၂၀ စုစုပေါင်း ဆေးပြား ၁၈၃၅ ပြား (အလေးချိန် ၁၈ ဒသမ ၃၅ ဂရမ်) တန်ဖိုးငွေကျပ် ၉၁ ဒသမ ၇၅ သိန်း၊ ယာဉ်မောင်းလိုင်စင် တစ်ခု၊ မြန်မာငွေကျပ် ၃၀၀၀၀၊ အနီရောင်အအေးစုပ်ပိုက် ၆၇ ချောင်းနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သန်းစိုးပါသုံးဦးအား မှော်ဘီမြို့မရဲစခန်းက မယ(ပ) ၁/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ဘားအံမြို့နယ်နေ ဦးနိုးရယ်နှင့် ဇနီးဖြစ်သူ ဒေါ်နန်းမာယာတို့ထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဦးနိုးရယ်နှင့် ဒေါ်နန်းမာယာတို့မှာ သန်းစိုး၏နေအိမ်သို့ လာရောက်တည်းခိုလေ့ရှိကြောင်း သိရသဖြင့် ည ၁၀ နာရီခွဲတွင် သန်းစိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ခန်းဘုရားစင်အပေါ် သစ်သားအံဝှက်အတွင်း ပလတ်စတစ်မိုင်းကိုင်စက္ကူကပ်ခွာအိတ်ဖြင့် ထုပ်ပိုးထားသည့် WY စာတန်းပါ နီညိုရောင် စိတ်ကြွဆေးပြား ၃၃၉၅၆ ပြား တန်ဖိုးငွေကျပ် ၁၆၉၇ ဒသမ ၈ သိန်း၊ နေအိမ်အိပ်ခန်းအတွင်း သံသေတ္တာပေါ်မှ ပုဆိုးအဟောင်းဖြင့် ထုပ်ထားသည့် ဩစတြေးလျနိုင်ငံလုပ် GLOCK အမျိုးအစား ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည် ၁၁ တောင့်နှင့် ကျည်အိမ်တစ်ခု၊ နိုးရယ်၊ နန်းမာယာအမည်ဖြင့် မှတ်ပုံတင်/သန်းခေါင်စာရင်း မိတ္တူများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဦးနိုးရယ်နှင့် ဒေါ်နန်းမာယာတို့ တည်းခိုတတ်သည့် ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာရှိ ဘရန်ဆိုင်း၏တိုက်ခန်းသို့ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲတွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ထပ်ခိုး၌ အိပ်နေသည့် ဘားအံမြို့နယ် နောင်လုံရွာနေ နိုးရယ် (၃၉)နှစ်နှင့် ဇနီးဖြစ်သူ နန်းမာယာ (၃၉)နှစ်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သောကြောင့် သန်းစိုး၊ နိုးရယ်နှင့် နန်းမာယာတို့ သုံးဦးအား ထောက်ကြန့်နယ်မြေရဲစခန်းက မယ(ပ) ၁/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၂၂(ခ)/၂၁ ဖြင့် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် တာချီလိတ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် တိုက်ခန်းငှားအိမ်ရာ ဒုတိယထပ်ရှိ အခန်းအမှတ် (၂၀၉) သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ အခန်းငှားနေထိုင်သူ မိုင်းကိုးအုပ်စု မောတို့ရွာနေ မအားလွှမ္မေး (၂၉)နှစ်နှင့် မအဲမာ (၂၄)နှစ်တို့ကို တွေ့ရှိရပြီး မအားလွှမ္မေးက အဖြူရောင်စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်အား အခန်း၏ အနောက်ဘက်ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်ကိုတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးခဲ့ရာ အပြာရောင်ပလတ်စတစ်အိတ်ငယ် အတွင်းထည့်ထားသည့် WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၂၀၀ စီပါ (ငါးထုပ်) စုစုပေါင်းဆေးပြား ၁၀၀၀ (အလေးချိန် ၁၀၀ ဂရမ်) တန်ဖိုးငွေကျပ်သိန်း ၂၀ ကို သိမ်းဆည်းရမိသောကြောင့် မအားလွှမ္မေးနှင့် မအဲမာတို့ နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းမှ မယ(ပ) ၁၁၅/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အသက်ကြီးခါမှ စိတ်မထိန်းနိုင်ဘဲ ဒေါသအလျောက် ဇနီးဖြစ်သူအား လှံနှင့်ထိုးရာမှ သေဆုံးသည့်ဖြစ်ရပ်

ပျဉ်းမနား စက်တင်ဘာ ၁၈

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် အသက် (၈၆) နှစ်ခန့် အဘိုးအိုက စိတ်မထိန်းနိုင်ဘဲ လင်မယားချင်း စကားများရာ ဒေါသအလျောက် လှံရိုးနှင့်ရိုက်၊ လှံနှင့်ထိုးသောကြောင့် ဇနီးဖြစ်သူ သေဆုံးသွားသည့်ဖြစ်ရပ် စက်တင်ဘာ ၁၆ ရက် နံနက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရဲအုပ်ဇော်ဇော်ဦး ပျဉ်းမနားမြို့မရဲစခန်းတွင် တာဝန်မှူးထမ်းဆောင်နေစဉ် အမျိုးသမီးတစ်ဦး ဒဏ်ရာများရရှိပြီး ပျဉ်းမနား ခုတင် (၂၀၀)ဆံ့ ဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒဏ်ရာရရှိထားသူမှာ ဒေါ်ယဉ်မြ(၅၈)နှစ် ပန်းခင်း(၂) ရွာကောက်ရပ်ကွက်နေသူဖြစ်ပြီး ၎င်းတွင် မျက်နှာဝဲဘက် ဖူးရောင်ဒဏ်ရာ၊ လည်ပင်းပွန်းပဲ့ဒဏ်ရာ၊ ဝဲနံဘေး ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲလက်ကောက်ဝတ် ဖူးရောင်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရပြီး မေးမြန်းရာ နေအိမ်တွင် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးကိုလေး (စက်ဘီးပြင်သူ)နှင့်စကားများ ရန်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ခွဲခန့်တွင် ဦးကိုလေးက လှံရိုးနှင့် ရိုက်နှက်၍ လှံနှင့်ထိုးသဖြင့် အရေးယူပေးပါရန် ရဲအုပ်ဇော်ဇော်ဦး က တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက (ပ) ၅၉၆/၂၀၁၃၊ ပုဒ်မ ၃၂၅/၃၂၆ ဖြင့် အမှုဖွင့်ပြီး ဒုရဲအုပ် မိုးဆွေက စစ်ဆေးနေစဉ် ဒဏ်ရာရရှိထားသူ ဒေါ်ယဉ်မြမှာ စက်တင်ဘာ ၁၆ ရက် နံနက် ၂ နာရီတွင် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသဖြင့် အမှုအား ပုဒ်မ ၃၂၅/၃၂၆ မှ ပုဒ်မ ၃၀၂ သို့ ပြောင်းကာ ဒုရဲမှူး မျိုးသန်းဝင်းက တရားခံအား ဖမ်းဆီးထားပြီး အမြန်ဆုံး တရားစွဲတင်ပို့ရန် စီစဉ်လျက်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

မလှိုင်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဓားခုတ်မှုဖြစ်ပွား

မိတ္ထီလာ စက်တင်ဘာ ၁၈

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အရပ်သားချင်းစကားများ ခိုက်ရန်ဖြစ်ပွားစဉ် ပါဝင်ပတ်သက်သူ ရဲတပ်ဖွဲ့ဝင်တစ်ဦးမှ ဓားဖြင့်ခုတ်မှု တစ်ခု စက်တင်ဘာ ၁၅ ရက်က ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရပ်ကွက်ကြီး (၁) (၁၄) ရပ်ကွက်နေ ဒေါ်တင်ဥ၏ သားဖြစ်သူ မောင်စိုးလင်း (ကွမ်းယာရောင်း)နှင့် တစ်ရပ်ကွက်တည်းနေ မောင်ပြည့်စုံသူတို့သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက စကားများခဲ့သည့်ကိစ္စအား ဒေါ်တင်ဥနှင့် အစ်မဖြစ်သူ မပြုံးကြည်တို့ကို ပြောပြခဲ့ရာ ၎င်းတို့နှစ်ဦးသည် မောင်ပြည့်စုံသူ၏ နေအိမ်သို့ သွားရောက်ရန်တွေ့ခဲ့ပြီး ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဒေါ်တင်ဥ၊ မပြုံးကြည်နှင့် ရဲတပ်သားစိုင်းတင်အောင်လင်း (စာပေးစာယူဌာန၊ မလှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)တို့ သုံးဦး ရောက်ရှိလာပြီး ထပ်မံစကားများ ရန်ဖြစ်ခဲ့ရာ ရဲတပ်သား စိုင်းတင်အောင်လင်းက အသင့်ပါလာသည့် အရိုးအသွား ၁၄ လက်မခန့်ရှိ ဓားဖြင့် ခုတ်ခဲ့ရာ မောင်ပြည့်စုံသူတွင် နဖူးပြတ်ရှဒဏ်ရာ တစ်ချက်၊ မောင်ဝေယံဖြိုးသူတွင် နဖူးပြတ်ရှဒဏ်ရာတစ်ချက်၊ ယာလက်မ ပြတ်ရှဒဏ်ရာတစ်ချက်၊ လည်ပင်းပြတ်ရှဒဏ်ရာ နှစ်ချက်၊ မဥမ္မာကြည်တွင် ဦးခေါင်းနောက်စေ့ ပြတ်ရှဒဏ်ရာနှစ်ချက် ရရှိခဲ့သဖြင့် မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ဆေးကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲတပ်သား စိုင်းတင်အောင်လင်း အပေါ် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ တင်ပြထားကြောင်းနှင့် မလှိုင်မြို့မရဲစခန်းက (ပ)၁၆၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၇၃၉)

GOLDEN STAR Travels & Tours
ပုဂံ-ပုပ္ပါး Sep-20
တောင်ကြီး-အင်းလေး-ပင်းတယ Oct-18
ကျိုက်ထီးရိုး
ငွေဆောင်
ချောင်းသာ
ဇလွန်
Ph: 209200, 430480, 544383, 703448, 09-5046000

ခရီးသွားတင်ရန်
ကျိုက်ထီးရိုး • ချောင်းသာ
ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
LINO MASTER LAW FIRM



မြေကွက်ဝယ်မည်
လှိုင်သာယာ၊ ကျွန်စစ်သားလမ်းမပေါ်ရှိ
မြေကွက် ကျယ်ကျယ်ဝယ်လိုသည်။
(ဈေးကောင်းပေးမည်)
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဆက်သွယ်ရန်ဖုန်း-09420065629(ပွဲစားမလိုပါ)

အထက်မြန်မာပြည်သတင်း

စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်ခဲ့သောကျေးရွာများ ရေပြန်လည်ကျလျက်ရှိ၊ ကူညီထောက်ပံ့ပေးမှုများ ဆက်လက်ဆောင်ရွက်

စဉ့်ကိုင် စက်တင်ဘာ ၁၈

မိုးရွာသွန်းမှုများပြီး ဒုဋ္ဌဝတီမြစ်ရေတက်မှုကြောင့် စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၁ ရွာတို့တွင် စက်တင်ဘာ ၉ ရက်မှစတင်ကာ ရေဝင်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ရေများတဖြည်းဖြည်း ပြန်ကျလျက်ရှိကြောင်း သိရသည်။

“မြစ်ရေကမနေ့ကစပြီး ခြောက်လက်မ ကျတာ၊ ဒီနေ့နံနက်တော့ နှစ်လက်မနီးပါးလောက်တော့ထပ်ကျတယ်၊ကျွန်တော်တို့ရွာကစတက်တော့ ငါးပေထိတက်တာ၊ ဒီပုံအတိုင်းရေဆက်ကျမယ်ဆိုရင် နောက်ငါးရက်လောက်နေရင် လူတွေရွာထဲပြန်နေလို့ရပါပြီ၊ ကျွဲ၊ နွား၊ ဝက်တွေရှိတဲ့ လူတွေကတော့ ဝင်လို့ရမှာမဟုတ်သေးဘူး၊ မြေကစိုပြီး နွံ့တွေနဲ့ဆိုတော့ တိရစ္ဆာန်တွေရောဂါရမှာ စိုးရိမ်ရတယ်၊ သူတို့ကတော့ ကုန်းပေါ်မှာပဲဆက်နေရမှာ၊ တချို့ရေဝင်တဲ့ရွာတွေကတော့ ကျွန်တော်တို့ရွာထက်ကျတဲ့ရွာလည်းရှိတယ်၊ ခုချိန်ထိမကျသေးတဲ့ရွာတွေလည်းရှိတယ်၊ ဒုဋ္ဌဝတီ မြစ်ရေကတော့ တန့်နေတာ၊ အောက်က ဧရာဝတီမြစ်ရေကလည်း ကြီးနေတော့မထွက်နိုင်ဘူး၊ အထက်ကရေကျလာရင်တော့ ပြန်ဝင်မှာ” ဟု ရေပြန်လည်ကျသည့် အခြေအနေနှင့်ပတ်သက်ပြီး မြောက်ကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ပြောသည်။

ရေဘေးသင့်ကျေးရွာများသို့ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းထောက်ပံ့လျက်ရှိမှု အခြေအနေကို “စေတနာရှင် အလှူရှင်တွေကတော့ နေ့စဉ်နီးပါးလောက်လာလှူကြတယ်၊ သောက်ရေသန့်နဲ့ ဆန်၊ ခေါက်ဆွဲခြောက်တွေ လာလှူကြတာများတယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအစဉ်နဲ့လည်း လာထောက်ပံ့တယ်၊ တခြားလူမှုရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေကလည်း လာလှူတယ်၊ ဒီနေ့တော့ ထန်းတောအုပ်စု ရေကင်းကုန်းကျေးရွာက ထမင်းထုပ် ၁၀၀ နဲ့ ကြံ့ခိုင်ရေးပါတီက ခြောက်ဘူးပါသောက်ရေသန့် ကတ် ၁၀၀၀ လာလှူထားတယ်၊ တခြားယာယီပြောင်းရွှေ့ထားတဲ့ စခန်းတွေကတော့ ထမင်းထုပ်ကို ကျေးရွာအုပ်စုတွေထဲမှ ရေမနစ်တဲ့ရွာတွေက လာပို့တယ်၊ ကျွန်မတို့အုပ်စုက ငါးရွာရှိတယ်၊ ငါးရွာလုံးရေနစ်တော့ ထမင်းထုပ်ကို မစီစဉ်တော့ဘူး၊ တခြားအုပ်စုတွေကလာပို့တာတော့ နှစ်ရက်ရှိပါပြီ” ဟု မြောက်ကိုင်းကျေးရွာ ယာယီ ပြောင်းရွှေ့စခန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မခင်တိုးတိုးကျော်က ပြောပြသည်။

မြစ်ရေဝင်ရောက်သော ကျေးရွာများမှ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ယာယီပြောင်းရွှေ့စခန်းများအလိုက် ဖွင့်လှစ်ဆောင်ရွက်ထားပြီး ရေကြီးမှုကြောင့် ကျန်းမာရေးထိခိုက်မှုမျိုးမရှိသေးကြောင်း၊ ထိခိုက်မှုကြောင့် အနည်းငယ်ဒဏ်ရာရရှိမှုများ၊ ဖျားနာမှုများ အနည်းငယ်သာရှိကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်)**

ဆေးရုံဝင်းထဲက အမှိုက်ပုံကြီးရှင်းလင်းပေးစေလို

မကွေး စက်တင်ဘာ ၁၈

မကွေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းရင်ခွဲရုံဟောင်းအနီးရှိ အမှိုက်ပုံကြီးမှာ စနစ်တကျစွန့်ပစ်သိမ်းဆည်းခြင်း မရှိသဖြင့် အမှိုက်များ၏ အညစ်အကြေးအနံ့အသက်များ အနီးဝန်းကျင်သို့ ဆိုးရွားစွာ ထွက်နေကြောင်းသိရသည်။ ဆေးရုံအတွင်း လူနာဆောင်များမှ ထွက်ရှိသော အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများမှာ ကာလကြာမြင့်စွာ ရှင်းလင်းခြင်း မရှိသဖြင့် ပတ်ဝန်းကျင်တွင် မြင်မကောင်း၊ ရှုမကောင်းသည်အထိ ညစ်ပေရှုပ်ပွနေကြောင်း သိရသည်။ အနီးနားပတ်ဝန်းကျင်နေထိုင်သူဝန်ထမ်းဟောင်းတစ်ဦးက “နေ့စဉ်နဲ့အမျှ ထွက်ရှိတဲ့အမှိုက်သရိုက် အညစ်အကြေးတွေကို လာရောက်စွန့်ပစ်နေကြသည်ကိုသာ တွေ့ရတယ်။ ရှင်းလင်းသည်ကို မတွေ့ရတာကြာပါပြီ။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့စဉ်ကတော့ အမှိုက်ကားနှင့် တစ်ပတ်နှစ်ကြိမ်လာရောက်ရှင်းလင်းပေးပါတယ်။ ကျွန်တော်ကလည်း မြေကျင်းတွေတူးပြီး စနစ်တကျမြေမြှုပ်တာတွေပြုလုပ်တာကြောင့် အခုလိုပတ်ဝန်းကျင်ကိုထိခိုက်လာအောင်ထိတော့ မဖြစ်ဖူးဘူး။ အခုနောက်ပိုင်းတော့ အမှိုက်ကားနဲ့လာရောက် သိမ်းဆည်းတာလည်း မတွေ့ရတော့ဘူး။ တာဝန်ယူထားသူကလည်း စနစ်တကျ မြေမြှုပ်မီးရှို့ရှင်းလင်းခြင်းလည်း မလုပ်တော့ ယခုလို ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်သည်ထိ ကြုံတွေ့လာရတာပါ။ မိုးတွင်းကာလဆိုတော့ ပိုဆိုးတာပေါ့ဗျာ။ စွန့်ပစ်အမှိုက်၊ အညစ်အကြေးနှင့် ရွှံ့ညွန်တွေရောနှောပြီးအနံ့အသက်ဆိုးတွေ ထွက်နေတဲ့အတွက်ကြာလာရင်ပတ်ဝန်းကျင် ညစ်ညမ်းမှုကနေကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေ ကျန်းမာရေးထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့ပြင် ဆေးရုံဝင်းအတွင်း နေထိုင်ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေလည်း ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်တယ်” ဟု ပြောပြသည်။

ရင်ခွဲရုံအနီးရှိ ဆေးရုံလမ်းမကြီးသည်ဆရာဆရာမများ၊ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ဖြတ်သန်းသွားလာလေ့ရှိသောနေရာဖြစ်သည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသွားများလည်း ၎င်းလမ်းမကြီးမှ မကြာခဏ ဖြတ်သန်းသွားလာလေ့ရှိသည်။ ယင်းအမှိုက်ပုံကြီးအား နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မြင်တွေ့သွားပါက မြန်မာကို ကမ္ဘာက အထင်သေးသွားနိုင်သောကြောင့် အမှိုက်ပုံကြီးကို အမြန်ဆုံးရှင်းလင်းစေလိုကြောင်းကို ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ပိုင်ဇေ (မကွေး)**

(၉၁၃) ခုနှစ် ရေးထိုးပါ သမိုင်းဝင် ကျောက်စာများ ထိန်းသိမ်းထား

ပခုက္ကူ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ပခုက္ကူမြို့နယ်နှင့် ၁၄ မိုင်အကွာ ပခန်းကြီးမြို့ဟောင်းနှင့် လေးမိုင်အကွာတွင် တည်ရှိသော မောက္ကလန်ကျေးရွာသည် ပုဂံခေတ်ကတည်းကပင် တည်ရှိနေသောရွာလေးတစ်ရွာဖြစ်ကြောင်း ဒေသခံများထံမှ စုံစမ်းသိရသည်။ သီရိမ္မာ သောကမင်းကြီး၏ ကောင်းမှုတော် ရွှေမုဋ္ဌောဘုရားကျောင်းဝိုင်းအတွင်းတွင် သက္ကရာဇ် (၉၁၃) ခုနှစ်ငါးစီးရှင်လက်ထက် ကျောက်စာသုံးချပ်ကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်းသိရသည်။ ကျောက်စာတွင် ပခန်းကြီးမြို့ဟောင်းကို စိုးစံရသောမိဖုရားကြီးနှင့်တကွ နယ်မြေအသီးသီး၏ သမိုင်းမှတ်တမ်းများ၊ လယ်မြေ၏ တန်ဖိုးများ၊ လုပ်အားခများ၊ လှူဒါန်းသူ၏အမည်စာရင်းများ စသည့် သမိုင်းဝင် တန်ဖိုးရှိသော အချက်အလက်များ ရေးထိုးထားသည်ကို လေ့လာသိရှိရသည်။ ထိုနည်းတူစွာ သာလွန်မင်းခေတ်ကျောက်စာဟု ယူဆရသည့် ကျောက်စာသုံးချပ်ကိုလည်း ဘုန်းတော်ကြီးများက ထိန်းသိမ်းထားရှိကြောင်းလည်း သိရသည်။ ပေါင်လောင်-မောက္ကလန်ကျေးရွာရှိ ဘုရားပုထိုးကျောင်းကန်များတွင် ညောင်ရမ်းခေတ်ဦးပိုင်းလက်ရာများကိုလည်း မြင်တွေ့သိရှိခဲ့ရသည်။ ကုန်းတစ်ပိုင်းကျွန်းတစ်ပိုင်းရွာများ ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံဖြစ်ထွန်း အားကောင်းသော နယ်မြေများလည်းဖြစ်သည်။ ပေါင်လောင်ရွာတွင် အိမ်ခြေ ၁၉၀၊ စိုက်ပျိုးမြေဧက ၂၀၀၀ ခန့်ရှိသည်။ မောက္ကလန်ရွာတွင် အိမ်ခြေ ၂၉၀ ကျော်၊ စိုက်ပျိုးမြေဧက ၁၇၀၀ ခန့်ရှိသည်။ ပေါင်လောင်ရှင်ကဿပကြီး၏ လက်စွဲတော်ဖြစ်သော ငရမန်၊ ငတင်ကြည် အမည်တွင်သော ဘီလူးရုပ် နှစ်ရုပ်လည်းရှိသည်။ ကုန်းကြောင်းသွားလျှင် ကျားစီးပြီး ရေကြောင်းသွားလျှင် မိကျောင်းစီး၍သွားသော ဆရာတော်ကြီးဖြစ်၍ ပေါင်လောင်-မောက္ကလန်ရွာတွင် မိကျောင်းရုပ်များလည်းရှိသည်။ ထူးခြားပြီး လက်ရာမြောက်သော ညောင်ရမ်းခေတ်လက်ရာဖြစ်သည့် ခြေတော်ရာ တစ်ဆူကိုလည်း ဖူးမြော်တွေ့ရှိနိုင်ကြောင်း သိရသည်။ **နေဦးမောင်(ပခုက္ကူ)**

အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက် (ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၉-၂၀၁၃ရက်မှ ၂၀-၉-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၉-၂၀၁၃ရက် ၁၃း၀၀ နာရီမှ ၁၅း၀၀နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့်ပစ္စည်းမျက်မြင် အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၂၉၁၈၃၃၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြေးမုံသတင်းစာတိုက်
အမှတ်-၇၇၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P(Shwe Li-3)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.18/DHPI/Concrete Pole/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Concrete Pole(12m)	780Nos

၂။ ပစ္စည်းများ၏ နည်းပညာ စံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) အား ၂-၁၀-၂၀၁၃ရက်၊ ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်း ကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်၊ မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်တော့မည့် Fujinobo Japanese Restaurant/Hills Bar တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ လိုအပ်လျက်ရှိသည်။

(၁) Supervisor (ကြီးကြပ်ရေးမှူး)	(၈)ဦး	ကျား/မ
(၂) စားပွဲထိုး	(၂၂)ဦး	ကျား/မ
(၃) Bartender Manager	(၁)ဦး	ကျား
(၄) Bartender	(၂)ဦး	ကျား
Kitchen (စားဖိုဆောင်ဝန်ထမ်း)		
(၁) လက်ထောက်စားဖိုမှူး	(၂)ဦး	ကျား/မ
(၂) စားဖိုမှူးအကူ	(၄)ဦး	ကျား/မ
(၃) မီးဖိုဆောင်အကူ	(၁၄)ဦး	ကျား/မ
Cashier (ငွေကိုင်)	(၅)ဦး	မ

လျှောက်ထားလိုသူသည် မိမိတို့၏ CV form နှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံ၊ အရည်အချင်းအထောက်အထားများ၊ Restaurant ဆိုင်ရာသင်တန်းကျောင်းတက်ရောက်ပြီးစီး အထောက်အထားများ၊ လုပ်ငန်းအတွေ့အကြုံနှင့်ဌာနများ၏ထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူတို့ကိုပူးတွဲ၍ ၂၃-၉-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-
အမှတ်(၅၂၀)A/၅၊ ပြည့်ဝကွန်ဒို(၃/B)၊ နှင်းဆီကုန်း
ဘိုးဘွားရိပ်သာရှေ့၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၃၉၀၁၁၊ ၀၉-၄၂၁၁၄၄၈၄၆
မှတ်ချက်။ အတွေ့အကြုံရှိပြီး ဂျပန်စာ၊ အင်္ဂလိပ်စာ ပြောဆိုနိုင်သူ ဦးစားပေးမည်။





နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ခြံဝင်းကျယ် ရောင်းရန်ရှိသည်။
ဖုန်း-၀၆၇-၃၀၂၉၆၊ ၀၉-၈၃၀၆၂၆၁

နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အဓိကရှာဖွေပေးနေသည့် မြန်မာ့ငါးရှဉ့်

အောင်ဝင်း(ဖျာပုံ)

နိုင်ငံတော်၏ ရေထွက်သယံဇာတများတွင် ငါးရှဉ့်၊ ကဏန်းနှင့် ငါးလင်ပန်းများသည် ရောင်းလိုအားထက် ဝယ်လိုအားမြင့်မားနေသည့်အတွက် နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေထွက်သယံဇာတများ မျိုးမသုဉ်းစေရေးအတွက် သဘာဝအလျောက် ဖမ်းဆီးခြင်းတို့အပြင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြရန် စည်းရုံးပညာပေးခြင်းနှင့်အတူ တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ငါးရှဉ့်၏ မျိုးပွားရာသီမှာ မတ်လမှ စက်တင်ဘာလအထိ ဖြစ်သော်လည်း ငါးရှဉ့်ကို တစ်နိုင်တစ်ပိုင် စမ်းသပ်မွေးမြူသူများအနေဖြင့် ယခုအခါ စီးပွားဖြစ်မွေးမြူသူများ များပြားလာသည့်အတွက် ရာသီမရွေး ငါးရှဉ့်များကို ပြည်တွင်းဈေးကွက်မှသည် ပြည်ပဈေးကွက်အထိ တွင်ကျယ်စွာ ရောင်းဝယ်လျက်ရှိနေသည်။

ငါးရှဉ့်များကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပြီး မူဆယ်၊ ချင်းရွှေဟော်စသည့် နယ်စပ်ဂိတ်ပေါက်များမှ အများဆုံးတင်ပို့ရောင်းချနေကြောင်း သိရသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငါးရှဉ့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၀ ရရှိရန် လျာထားခဲ့ရာ ငါးရှဉ့်မက်ထရစ်တန်ချိန်ပေါင်း ၁၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ နီးပါးရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြည်ပပို့ ရေထွက်ကုန်ပစ္စည်းများတွင် ငါးရှဉ့်တင်ပို့မှုမှ ဝင်ငွေအများဆုံးရရှိခဲ့သည်ဟု သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်လည်း ငါးရှဉ့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၀ လျာထားရာတွင် ဘဏ္ဍာနှစ်၏ ငါးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၅ သန်းကျော် ရရှိနေပြီဖြစ်သည့်အတွက် လျာထားချက်ထက် များစွာကျော်လွန်ရရှိနိုင်ကြောင်း ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

တရုတ်နိုင်ငံဘက်တွင် ငါးရှဉ့်နှင့်ကဏန်း ဈေးကွက်ခိုင်မာနေသည်မှာ ၁၈၉၉-၁၉၉၀ ခုနှစ်ခန့်က စတင်ခဲ့ကြောင်း သိရသည်။ မူလက ငါးရှဉ့်ကို သဘာဝအရ ဖမ်းဆီးထုတ်လုပ်ရောင်းဝယ်နေကြသော်လည်း ဈေးကွက်လိုအပ်ချက်အရ စီးပွားဖြစ်မွေးမြူနေကြပြီဖြစ်သည်။ ဖျာပုံမြို့နယ်မှ ငါးရှဉ့်မွေးမြူသူ လုပ်ငန်းရှင်တစ်ဦးက ငါး၊ ပုစွန် မွေးမြူရန် အရင်းအနှီးများပြီး မြေဧကများစွာလိုကြောင်း၊ ငါးရှဉ့်များ ကြီးထွားရန် ကျွေးရသည့်အစာမှာ တီကောင်၊ ခရုနှင့် ကျောရိုးမဲ့သတ္တဝါများအပြင် ငါးအသေးလေးများ ကျွေးရသည့်အတွက် အစာပေါကြောင်း၊ တစ်နှစ်ပတ်လုံး(၃)ချပေးနိုင်သည့်အတွက် ခြောက်လမှ ခုနစ်လအထိ မွေးမြူပါက ရောင်းတန်းဝင် ငါးရှဉ့်များ ရရှိသည့်အတွက် အချိန်ကာလတိုအတွင်း အရင်းအနှီးနည်းနည်းဖြင့် မွေးမြူထုတ်လုပ်နိုင်သည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း ရှင်းလင်းပြောပြသည်။

ထို့အပြင် ငါးရှဉ့်၏ သဘာဝအနေအထားကို စာရေးသူလေ့လာရာ အကြေးခွံမဲ့သတ္တဝါဖြစ်ပြီး ကိုယ်ခန္ဓာချောမွေ့သည်။ အလင်းထက် အမှောင်ကို ကြိုက်နှစ်သက်သည်။ လေရှူနှုန်းနည်းပါးသဖြင့် အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးသောရေတွင် မွေးမြူရှင်သန်နိုင်ပြီး အုတ်ကန်ဖြင့်သော်လည်းကောင်း၊ မြေကန်တူးဖော်၍သော်လည်းကောင်း မွေးမြူနိုင်သည်။ ရေသွင်းရေထုတ်ပြုလုပ်နိုင်ရန် ရေနှင့်နီးစပ်သောနေရာဖြစ်လျှင် ပိုမိုကောင်းမွန်ကြောင်းနှင့် တစ်နှစ်သားအရွယ် ငါးရှဉ့်သည် ခုနစ်လက်မ(အလျား ၁၇ စင်တီမီတာ)ရှိကြောင်း လေ့လာသိရှိရသည်။

ကြီးပွားရေးအတွက် စီးပွားရှာကြရာတွင် ဈေးကွက်လိုအပ်ချက် မြင့်မားနေသည့် ငါးရှဉ့်မွေးမြူစီးပွားရှာလိုသူများအနေဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသင်တန်းကျောင်းတို့သို့ ဆက်သွယ်စုံစမ်းမွေးမြူနိုင်ကြောင်း လေ့လာရေးသားတင်ပြအပ်ပါသည်။

ရမည်းသင်းမြို့နယ်တွင် ရုပ်ပွားတော်များတွေ့ရှိ

ရမည်းသင်း စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မကျီးကုန်းအုပ်စု မကျီးကုန်းမြောက်ရွာ အရှေ့တောင်ဘက်ထောင့်ရှိ ဦးစိုးမြင့်-ဒေါ်နီတို့ စိုက်ပျိုးထားသော ဝါခင်းအတွင်း၌ ပေါင်းပေါက်ရာမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းဝါခင်းတွင် ပေါင်းပေါက်ရာမှ ကိုထွန်းကြည်သည် ဩဂုတ် ၁၂ ရက်တွင် ကျိုးပဲ့နေသော ပုံတော်တစ်ဆူကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး နောက်ရက်များတွင် ထပ်မံတူးဖော်ရာ အနက်တစ်ပေနီးပါးတွင် ဗုဒ္ဓရုပ်ပွားတော်များ ထပ်မံတွေ့ရှိခဲ့သည်။ စုစုပေါင်း ရုပ်ပွားတော် ၄၃ ဆူဖြစ်ပြီး ပလ္လင်တွင် ဆင်ရုပ်များပါရှိသော ရုပ်ပွားတော် ၁၆ ဆူ၊ ကြာပလ္လင်ခံ ခုနစ်ဆူနှင့် အပိုင်းအစ အဆူ ၂၀ ဖြစ်သည်။ ယင်းရုပ်ပွားတော်များ၏ ဉာဏ်တော်အမြင့်မှာ သုံးလက်မခန့်ရှိသည်။ ဆင်ရုပ်ခံရုပ်ပွားတော်တွင် အောက်ခြေ၌ ဆင်ရုပ်သုံးရုပ်ပါရှိသည်။ ဆင်ရုပ်ပုံမပါသော ရုပ်ပွားတော်များတွင် ကြာပလ္လင်ပြုလုပ်ထားသည်ကိုတွေ့ရပြီး ယင်းရုပ်ပွားတော်များမှာ ဆင်ရုပ်ခံရုပ်ပွားတော်ထက် အနည်းငယ် ဉာဏ်တော်နိမ့်သည်။ ရုပ်ပွားတော်များမှာ လက်ရာမြောက်စွာ ပြုလုပ်ထားသည်ကို တွေ့ရပြီး တချို့ရုပ်ပွားတော်များကို ရွှေချထားသည်။

ဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိသော ဝါခင်းအတွင်း၌ပင် မဏ္ဍပ်ထိုး၍ အပူဇော်ခံထားရှိရာ ကျေးရွာအတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ဖူးမြော်ကြသည်ဟု သိရပြီး ယင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိသောနေရာ၌ပင် ဘုရားတည်ရန် ရည်မှန်းထားကြောင်း သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိစိတ်ဖြင့် လိုက်နာ

ကျောက်တန်း စက်တင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲနယ်မြေအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းနှင့် အရေးယူခြင်းများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှ စတင်ကာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသန့်စင်မျိုးနှင့် တံတားနယ်မြေစခန်းမှူး ရဲအုပ်စောဝင်း ဦးဆောင်ပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက ဆိုင်ကယ်ဦးထုပ်ကို စနစ်တကျဆောင်းခိုင်းခြင်းမှာ စီးနင်းသူ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်ရန်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လူတိုင်းကိုယ်စီ အသိစိတ်ဖြင့် လိုက်နာကြမည်ဆိုလျှင် တစ်ဦးမှအစ တစ်ရာအဆုံး အားလုံး ယာဉ်အန္တရာယ် ကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း ပညာပေးရှင်းလင်းပြောကြားခဲ့သည်။ **(၆၈၉)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ ဒုတိယဗဟိုစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
မြေဧရိယာ - ၁၆. ၅၅၁ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက် လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ (Shopping Mall)နှင့် ရုံးခန်းအဆောက်အအုံများ (Office Appartment)တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်- 1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer) နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9 သို့ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅ နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိ သက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါ တင်သွင်းသူ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေငှားရမ်းခြင်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေရာ၌ စီးပွားရေးအဆောက်အအုံများစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်မြေငှားရမ်းခြင်းအတွက် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - ဗိုလ်မင်းရောင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
မြေဧရိယာ - ၈. ၅၁၈ ဧက

၂။ အဆိုပါ မြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ စီမံကိန်းတွင် ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာ၊ ပြခန်းကြီးများ၊ ကဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်ကြီးများ၊ အီလက်ထရွန်နစ်စင်တာများ၊ အရောင်းခန်းမကြီးများ(Shopping Mall)၊ ရုံးခန်းအဆောက်အအုံများ (Office Appartment)နှင့် လူနေတိုက်ခန်းများ(Condo) တည်ဆောက်လုပ်ကိုင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့် အညီပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ်-1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် အမေရိကန်ဒေါ်လာတစ်ထောင် (USD1000)ပေးသွင်း၍ အထက်ဖော်ပြပါလိပ်စာ၌ ၁၉-၉-၂၀၁၃ရက်မှစတင်၍ဝယ်ယူနိုင်ပါသည် (သို့မဟုတ်)ကျပ် ၁၀၀၀၀၀၀/-(ကျပ်တစ်သန်းတိတိ)ကိုအင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ၁၅း၀၀နာရီမတိုင်မီ အထက်ဖော်ပြပါ ရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း(USD 1000000)တန်ဘိုးရှိ သက်တမ်း(၆)လရှိသော ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်ဖြစ်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
LL.M ဘွဲ့ရအလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.M ဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၅-၁၀-၂၀၁၃ (စနေနေ့)	နံနက်(၉း၀၀)နာရီမှ(၁၂း၀၀)နာရီထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)	နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ	အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်)

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၂-၅၇၃၆၃)၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၁-၅၂၂၆၆၁)နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်းနံပါတ်(၀၆၇-၄၀၄၀၁၇)တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံး စက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီ များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်နေ့ရက် - ၁၉-၉-၂၀၁၃ရက် နံနက် (၉း၃၀)နာရီ

၄။ တင်ဒါပိတ်ရက် - ၉-၁၀-၂၀၁၃ရက် ညနေ (၁၆း၀၀)နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မသူသူအောင် [၁၂/ဒဂတ(နိုင်)၀၁၄၃၀၁]သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘ၊ ညီအစ်ကို၊ မောင်နှမများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်ခဲ့သဖြင့် ကြေညာသည့် နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဒေါ်နော်ဂဲလီ
[၁၂/ဥကတ(နိုင်)၁၈၁၇၅၂]
အမှတ်(၇၈၆)၊ စာဂ (၁၇)လမ်း၊ (၄)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်။

မြန်မာ့မီးရထားလုပ်ငန်း၏စေတနာ

ကျိုက်ထိုရန်နောင်စိုး

မြန်မာ့မီးရထားလုပ်ငန်းသည် ခရီးသွားပြည်သူများအတွက် အထူးဝန်ဆောင်မှုပေးလိုသော မွန်မြတ်သည့် စေတနာဖြင့် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှဝယ်ယူတင်သွင်းခဲ့သော ရထားတွဲဆိုင်းအသစ်ဖြင့် ရန်ကုန်-ကျိုက်ထို-ရန်ကုန်အဲယားကွန်းအထူးအမြန်ရထားလိုင်းကို စက်တင်ဘာ ၇ ရက်မှစတင်ပြေးဆွဲလျက်ရှိကြောင်း တွေ့ရသည်။ အဆိုပါအထူးရထားလိုင်းကို တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ပြေးဆွဲရာတွင် ရန်ကုန်-ကျိုက်ထိုခရီးစဉ်ကို ကျိုက်ထို(၁)ဟု သတ်မှတ်ထားပြီး ရန်ကုန်ဘူတာကြီးမှ စနေနေ့တိုင်း နံနက် ၆ နာရီ ၂၅ မိနစ်တွင် စတင်ထွက်ခွာပြီး ကျိုက်ထိုကို နံနက် ၁၁ နာရီတွင်ရောက်ရှိမည်ဖြစ်သည်။ ကျိုက်ထို-ရန်ကုန်ခရီးစဉ်ကို ကျိုက်ထို(၂)ဟု သတ်မှတ်ထားပြီး တနင်္ဂနွေနေ့တိုင်း ကျိုက်ထိုဘူတာမှ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၇ ရက် နံနက် ၆ နာရီ ၂၅ မိနစ်တွင် စက်ခေါင်းမောင်း ဦးကျော်နိုင်၊ ရထားထိန်းဦးစံသိန်းတို့ မောင်းနှင်၍ စတင်ထွက်ခွာလာခဲ့သော ကျိုက်ထို(၁) ရန်ကုန်-ကျိုက်ထို အဲယားကွန်းအထူးအမြန်ရထားကြီးမှာ ကျိုက်ထိုဘူတာသို့ သတ်မှတ်ချိန်အတိုင်း နံနက် ၁၁ နာရီတွင် စက်ခေါင်းအမှတ် RBE-P- 50-33 သည် နိုင်ငံတော်အလံကို လွှင့်ထူလျက် ခံ့ညားထည်ဝါစွာ ငြိမ့်ငြိမ့်ညောင်းညောင်းဝင်ရောက်ခဲ့သည်။ ကျိုက်ထိုဘူတာတွင် ဆိပ်ဖူးတောင်လူငယ်ပရဟိတဂေဟာမှ တိုင်းရင်းသူလေးများ၏ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့၊ သိမ်ဇရပ်ဖိုးချိုဒိုးပတ်အဖွဲ့တို့က အကအခုန်အတီးအမှုတ်များဖြင့် ပျော်ပျော်ပါးပါးကြိုဆိုကြသည်။ မြန်မာ့မီးရထားရုံးချုပ်မှ အထွေထွေမန်နေဂျာ(သွား/လာ)ဦးမြင့်ဝေ၊ ဒုအထွေထွေမန်နေဂျာ(ခရီးသည်)ဦးအောင်မြင့်လှိုင်၊ မီးရထားတိုင်း(၇)မော်လမြိုင်မှ ပြည်နယ်မန်နေဂျာ(သွား/လာ)ဦးတင့်ဝေ၊ ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဒေသခံများ၊ ခရီးသွားပြည်သူများက စကြိုပြည့်နီးပါးကြိုဆိုကြသည်။ MRTV-4 မှလည်း ရထားဖြင့်လိုက်ပါလာပြီး သတင်းမှတ်တမ်းများ ရယူလျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်-ကျိုက်ထိုခရီးစဉ် အကွာအဝေးမှာ ၉၉ မိုင်ဖြစ်ပြီး ခရီးစဉ်သတ်မှတ်ချိန်မှာ ၄ နာရီခွဲသာ ကြာမြင့်မည်ဖြစ်ပါသည်။ လမ်းခရီးတွင် ပဲခူးဘူတာ၊ ဝေါဘူတာ၊ သိမ်ဇရပ်ဘူတာတို့၌သာ ဆိုက်ရပ်မည်ဖြစ်ပါသည်။ လက်မှတ်ခမှာ ရန်ကုန်-ပဲခူးကျပ် ၁၇၀၀ (ငါးဒေါ်လာ)၊ ရန်ကုန်-ဝေါ ကျပ် ၂၃၀၀ (ခုနစ်ဒေါ်လာ)၊ ရန်ကုန်-သိမ်ဇရပ် ကျပ် ၂၈၀၀ (ရှစ်ဒေါ်လာ) ဖြစ်ပြီး ပဲခူး-ဝေါ လက်မှတ်ခမှာ ကျပ် ၇၀၀ (နှစ်ဒေါ်လာ)၊ ပဲခူး-သိမ်ဇရပ် ကျပ် ၁၂၀၀ (လေးဒေါ်လာ)၊ ပဲခူး-ကျိုက်ထို ကျပ် ၁၉၀၀ (ခြောက်ဒေါ်လာ)၊ ဝေါ-သိမ်ဇရပ် ကျပ်၆၀၀ (နှစ်ဒေါ်လာ)၊ ဝေါ-ကျိုက်ထို ကျပ် ၁၃၀၀(လေးဒေါ်လာ)နှင့် သိမ်ဇရပ်-ကျိုက်ထိုလက်မှတ်ခမှာ ကျပ် ၈၀၀ (သုံးဒေါ်လာ) သတ်မှတ်ထားရှိပြီး မြန်မာကျပ်ငွေ၊ နိုင်ငံခြားဒေါ်လာငွေနှင့် နှစ်သက်သလို ဝယ်ယူနိုင်ကြောင်းလည်း သိရပါသည်။ ရန်ကုန်-ကျိုက်ထိုလက်မှတ်ခမှာ ကျပ် ၃၅၀၀ (၁၀ ဒေါ်လာ)ဖြစ်ပါသည်။

တာဝန်ရှိသူတစ်ဦးက တွဲဆိုင်းပေါ်သို့လိုက်လံပြသသဖြင့် တွဲဆိုင်းများမှာ ခေတ်မီသန့်ရှင်းသပ်ရပ်သော အဲယားကွန်း အထက်တန်းတွဲများဖြစ်ပြီး သန့်စင်ခန်း (TOILET)နှင့် လက်ဆေးခန်းတို့မှာလည်း အဆင့်မြင့်မြင့် ပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ စက်တင်ဘာ ၇ ရက် (စနေနေ့)တွင် စတင်ပြေးဆွဲခဲ့သည့် ကျိုက်ထို (၁) ရန်ကုန်-ကျိုက်ထိုအထူးအမြန်ဖြင့် ခရီးသည် ၁၂၂ ဦး၊ စက်တင်ဘာ ၈ ရက်(တနင်္ဂနွေနေ့)၊ ကျိုက်ထို(၂) ကျိုက်ထို-ရန်ကုန်အထူးအမြန်ဖြင့် ခရီးသည် ၁၀၀ စီးနင်းလိုက်ပါခဲ့ကြောင်း သက်ဆိုင်ရာမှတစ်ဆင့် သိရသည်။

စက်တင်ဘာ ၈ ရက်(တနင်္ဂနွေနေ့)တွင် ကျိုက်ထို(၂) ကျိုက်ထို-ရန်ကုန် အထူးအမြန်ရထားမှာ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာရန် အသင့်ဖြစ်နေသော်လည်း မမျှော်လင့်ဘဲ ရန်ကုန်မှထွက်လာသည့် အမှတ်(၈၉)အဆန်ရထားသည် ဘုရားကြီးဘူတာအနီးတွင် တွဲကျကြောင်း သတင်းရ၍ ကျိုက်ထိုဘူတာမှ တာဝန်ရှိသူများ ချက်ချင်းသွားရောက်တင်ပေးခဲ့ပါသည်။ သို့ဖြစ်၍ ကျိုက်ထို(၂) အထူးအမြန်ရထားမှာ ကျိုက်ထိုဘူတာမှ ၂ နာရီ ၄၅ မိနစ် နောက်ကျပြီးထွက်ခွာနိုင်သဖြင့် ခရီးသွားပြည်သူများအနေဖြင့် နားလည်ခွင့်လွှတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ မမျှော်လင့်ဘဲ တွဲကျမှုဖြစ်လာခြင်းမှာ မည်သူ့ကိုမျှ အပြစ်ပြော၍မရပါ။ သို့သော်လည်း ခရီးသည်များမှာ ရထားပေါ်တွင် ၂ နာရီ ၄၅ မိနစ် ဒုက္ခခံလိုက်ရပါသည်။ အဲယားကွန်း ကယ်လို့တော်သေးတာပေါ့။

ယခုပြေးဆွဲသော အထူးအမြန်ရထားတွင် ခရီးသည် ၇၆ ယောက်စီးနိုင်သော တွဲသုံးတွဲ၊ ၅၂ ယောက် စီးနိုင်သော တွဲနှစ်တွဲပေါင်း ငါးတွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ထားပါသည်။ မကြာမီ ပွင့်လင်းရာသီရောက်တော့မည်ဖြစ်ရာ ကျိုက်ထီးရိုးဘုရားပွဲတော်ကြီးမှာလည်း သီတင်းကျွတ်လပြည့်နေ့တွင် ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းမှ ဘုရားဖူးပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားများဖြင့် ကျိုက်ထိုဘူတာမှာ ပို၍စည်ကားလာတော့မည်ဖြစ်၍ လိုအပ်ပါက တွဲဆိုင်းများ တိုး၍ဖွဲ့ဆင်ပေးနိုင်ရန်အကြံပြုလိုပါသည်။ တစ်ဆက်တည်းတွင် အကြံပြုတင်ပြလိုသည်မှာ ကျိုက်ထိုဘူတာမှာ ကုန်းမြင့်တစ်ခုကိုယမ်းခွဲ၍ ရထားလမ်းဖောက်လုပ်ထားပြီး စင်္ကြံနှင့် ရထားလမ်းမှာ မြေနိမ့်ပိုင်းဖြစ်ပြီး အုတ်လှေကားဖြင့် ကုန်းပေါ်သို့တက်မှ ကျိုက်ထိုဘူတာကို တွေ့မြင်နိုင်ပါသည်။ မွန်ပြည်နယ်တွင်မက မြန်မာနိုင်ငံတွင်တစ်ခုတည်းသော ဘူတာဖြစ်ပါသည်။ ဘူတာဘက်ခြမ်းနှင့် မြို့ဘက်ခြမ်းကို သံပေါင်တံတားဖြင့် ပေါင်းကူးထားပါသည်။ အုတ်တံတားဖြစ်သင့်ပါသည်။ တစ်ဖန် မြို့ဘက်ခြမ်းတံတား ဝဲ၊ ယာဆင်ခြေလျှောမြေသား (Slop)အား (Retaining Wall) မြေထိန်းနံရံသဘော ပြုလုပ်ပေးနိုင်ပါလျှင် ကျိုက်ထိုဘူတာမှာ အထူးအမြန်ရထားပေါင်းကူးတံတား၊ မြေထိန်းနံရံတို့နှင့် မည်မျှပနံရလျက်ရှိနေမည်ကို မြင်ယောင်လျက်ရှိပါသည်။

မြန်မာ့မီးရထားလုပ်ငန်း၏ခရီးသွားပြည်သူများအပေါ်ထားရှိသော စေတနာကို လက်တွေ့ပြသခဲ့ပါပြီ။ ခရီးသွားပြည်သူများအနေဖြင့်လည်း မြန်မာ့မီးရထားလုပ်ငန်း၏ စေတနာကို တန်ဖိုးထားလေးစားတုံ့ပြန်သောအနေဖြင့် အထူးအမြန်ရထားအား နိုင်ငံကြီးသားပီပီ စည်းကမ်းရှိရှိဖြင့် စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ပါစေဟုလည်းကောင်း၊ မြန်မာ့မီးရထားလုပ်ငန်းသည်လည်း ယခုထက်ပို၍တိုးတက်အောင်မြင်ပြီး ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုများ ဆင့်ကဲပေးသွားနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့အပ်ပါသည်။ ။

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း၊ တိမ်းမှောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ(Life Jackets)များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဇဝန ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်မည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြင့် ကျောင်းအိပ်ဆောင် ၊ ဒါယိကာမအဖြစ် ခံယူနိုင်ရေးအတွက် မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်၊ ကျောင်းဆောင် (၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါနေရာများတွင် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

ဘဒ္ဒန္တ ဒေါက်တာဇဝန (မဟာအောင်မြေကျောင်း)
ဖုန်း [illegible] (ဗုဒ္ဓဂယာ / [illegible])
ဘဒ္ဒန္တ ဒေါက်တာ[illegible] (မဟာအောင်မြေကျောင်း)
ဖုန်း - ၉၁ [illegible] (ဗုဒ္ဓဂယာ / အိန္ဒိယ)
ဘဒ္ဒန္တ ဒေါက်တာ[illegible] ([illegible]ကျောင်း)
ဖုန်း [illegible] ([illegible])
ဘဒ္ဒန္တ [illegible] (အောင်ချမ်းသာကျောင်းတိုက်)
ဖုန်း [illegible] (ကမာရွတ် ၊ လှိုင်)
ဘဒ္ဒန္တ [illegible] (ဗြဟ္မဝိဟာရကျောင်း)
ဖုန်း [illegible] ([illegible])
[illegible] (ရန်ကုန်)
Mae & More Co.,Ltd.
ဖုန်း [illegible]

			ဒေါ်မေသူဇော်	(မေသူဇော် ၊ ကမာရွတ်)	[illegible]
ဒေါ်တင်တင်ကြည်	(ခင်နန္ဒာ ၊ မရမ်းကုန်း)	[illegible]	ဒေါ်ခင်ခင်ညွန့်	(မေမေဝတီ ၊ ကမာရွတ်)	[illegible]
[illegible]	(ဟံသာဝတီ ၊ ဗဟန်း)	[illegible]	[illegible]	(မြင့်မြတ်သစ္စာ ၊ ကမာရွတ်)	[illegible]
[illegible]	(မဟာအောင်မြေ ၊ ဗဟန်း)	[illegible]	ဒေါ်မေသူထက်	([illegible] ၊ ကမာရွတ်)	[illegible]
[illegible]	(ရွှေမှုံ ၊ ဗဟန်း)	[illegible]	ဒေါ်နီနီဝင်း	(ရွှေမီ ၊ တာမွေ)	[illegible]
[illegible]	(အောင်မြင့်မိုရ် ၊ ဗဟန်း)	[illegible]	[illegible]	([illegible] ၊ တာမွေ)	[illegible]
[illegible]	([illegible] ၊ ဗဟန်း)	[illegible]	[illegible]	(မာလာသီ ၊ တာမွေ)	[illegible]
[illegible]	(ရွှေမဟာ ၊ စမ်းချောင်း)	[illegible]	ဒေါ်စန္ဒာ	([illegible] ၊ ရန်ကင်း)	[illegible]
[illegible]	([illegible] ၊ စမ်းချောင်း)	[illegible]	[illegible]	([illegible] ၊ [illegible])	[illegible]
[illegible]	([illegible] ၊ စမ်းချောင်း)	[illegible]	[illegible]	([illegible] ၊ လှိုင်)	[illegible]
[illegible]	([illegible] ၊ လသာ)	[illegible]	[illegible]	([illegible] ၊ [illegible])	[illegible]
[illegible]	([illegible] ၊ လသာ)	[illegible]	[illegible]	([illegible] ၊ [illegible])	[illegible]

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ ဗြဟ္မဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း-[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၃
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

ရာထူး	လစ်လပ်	ပညာအရည်အချင်း
[illegible]	[illegible]	[illegible]

[illegible]

Website ဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၃
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

ရာထူး	လစ်လပ်	ပညာအရည်အချင်း
[illegible]	[illegible]	[illegible]

[illegible]

Website ဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm [illegible]

ဦးအောင်လင်း (B.E., Electronics) ရေးသားသည့် မှတ်ပုံတင်အမှတ် – [illegible]

Mobile Phone, Video Camera ဖြင့် ရိုက်ကူးထားသည့် MP4 Video များအား
Power Director ဖြင့် MP4 Video တည်းဖြတ်နည်း

[illegible]

EMERALD MYANMAR
Travels & Tours
[illegible]


ဆရာဘိန်း – ဆရာကျ [illegible]

Htun Padetha Industries and Trading Co.,Ltd.

ထွန်းပဒေသာ ဂျုံစက်၊ ဆန်စက်နှင့် ပီလောပီနံကော်မှုန့်စက်

အမှတ်(၁၆၇)၊ လမ်းမတော်လမ်းရုံးတွင် တာဝန်ထမ်းဆောင်ရန်-

၁။ ရုံး မန်နေဂျာ/ကြီးကြပ်ရေးမှူး — ကျား (၂) ဦး
(၄၀)နှစ်အောက်၊ ဘွဲ့ရ၊ ကွန်ပျူတာနှင့် ရုံးလုပ်ငန်းကျွမ်းကျင်၍ အတွေ့အကြုံ(၃)နှစ်။ Export/Import အတွေ့အကြုံရှိသူ။

၂။ ကွန်ပျူတာကျွမ်းကျင် — ကျား/မ (၁) ဦး
(၃၅)နှစ်အောက်၊ ဘွဲ့ရ၊ စာစီစာရိုက်ကျွမ်းကျင်၍ ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ၊ Graphic Design အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန်-

၁။ စက်ရုံမန်နေဂျာ — ကျား (၁) ဦး
(၄၅)နှစ်အောက်၊ ဘွဲ့ရ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စက်ရုံကုန်ထုတ်လုပ်မှု အတွေ့အကြုံ(၅)နှစ်။

၂။ စာရင်းကိုင် — ကျား/မ (၂)ဦး
(၃၅)နှစ်အောက်၊ ဘွဲ့ရ၊ LCCI (Level 3)(သို့) ညီမျှသောလက်မှတ်ရှိသူ၊ အတွေ့အကြုံ (၃)နှစ်၊ Computerized Accounting တတ်ကျွမ်းရမည်။

၃။ ကြီးကြပ်ရေးမှူး — ကျား (၂)ဦး
(၄၀)နှစ်အောက်၊ ဘွဲ့ရ၊ စက်ရုံကုန်ထုတ်လုပ်မှုအတွေ့အကြုံ(၃)နှစ်။

၄။ ရုံးဝန်ထမ်း — ကျား (၄)ဦး
(၃၅)နှစ်အောက်၊ ဘွဲ့ရ၊ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ။ အတွေ့အကြုံ (၂)နှစ်။

၅။ လျှပ်စစ်အင်ဂျင်နီယာ — ကျား (၁)ဦး
(၄၅)နှစ်အောက်၊ B.E/B. Tech/AGTI။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်။

၆။ လျှပ်စစ်ကျွမ်းကျင် — ကျား (၁)ဦး
(၄၅)နှစ်အောက်၊ T.H.S/I.T.C (သို့) ၎င်းနှင့်ညီမျှသော လက်မှတ်ရှိသူ၊
3 phase(440V) Motor, Starter & Control တတ်ကျွမ်းရမည်။
အတွေ့အကြုံ (၃)နှစ်။ PLC Control နားလည်သူ ဦးစားပေးမည်။

၇။ ယာဉ်မောင်း — ကျား (၃)ဦး
ကုမ္ပဏီကားမောင်းရန် အတွေ့အကြုံ (၃)နှစ် — (၁) ဦး
(၆)ဘီးကုန်တင်ကားမောင်းရန်၊ လိုင်စင်အနီ — (၁) ဦး
(၁၂) ဘီးကုန်တင်ကားမောင်းရန်၊ အတွေ့အကြုံ (၅)နှစ် — (၁) ဦး

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်တွင် တာဝန်ထမ်းဆောင်ရန်-

၁။ မန်နေဂျာ — ကျား (၁)ဦး
(၄၅)နှစ်အောက်၊ ဘွဲ့ရ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စက်ရုံကုန်ထုတ်လုပ်မှုအတွေ့အကြုံ(၅)နှစ်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ မကြာမီကရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့/ဒီပလိုမာလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်း၊ မျှော်မှန်းလစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူများနှင့်တကွ အမှတ်(၁၆၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၆ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

လုပ်ငန်းအတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုပေါ်မူတည်၍ လစာကောင်းပေးမည်။

မြန်မာ့နိုင်ငံတော် (logo)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၆ / ၂၀၁၃

(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ [illegible]

ရာထူး	လစာနှုန်း	ပညာအရည်အချင်း
[illegible]	[illegible]	[illegible]

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) [illegible]
(ဂ) [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible] Website [illegible] ucsb.imus.com.mm နှင့် www.ucsb.gov.mm [illegible]

အမြတ်ဆုံး သိပ်ဒဿ ဘုရားဒဿ ကျောင်းဒဿ ခံယူပါ

[illegible]

UNIQUE STAR TRAVELS.

Promotion [illegible]

[illegible]	Oct: 18 / Nov: 13, 14, 15 / Dec: 21, 29	(185,000)
[illegible]	Oct: 16 / Nov: 15 / Dec: 21	(175,000)
[illegible]	Oct: 16 / Nov: 15 / Dec: 21	(175,000)
[illegible]	Oct: 16 / Nov: 15 / Dec: 21	(165,000)
[illegible] Daily (Hotel Max) (70,000) / [illegible] (Friday)		(80,000)

[illegible]

ပြစ်မ်ိုးမြန်မာ EMERALD MYANMAR မဟာဂန္ဓာ

[illegible]

09-49589762, 09-49589764, 09-421013999, 09-421014999

Seven စံ

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းရှိ မြေကွက်များ
ရောင်းလို ဝယ်လိုသူများ
ဆက်သွယ်နိုင်ပါသည်။
ပွဲခပေးရန် မလိုပါ။
အိမ်အရောက် ငွေပေးချေသည်။

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇

တေဇ(၁၂)မှသူငယ်ချင်းများသို့

သင်တန်းဆင်း(၂၈)နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျဆုံး၊ ကွယ်လွန်သွားသော သူငယ်ချင်းများအား ရည်စူး၍ အလှူဒါနများပြုလုပ်ပြီး သူငယ်ချင်းမိသားစုများ ခင်မင်ရင်းနှီးစွာ တွေ့ဆုံမည့်မိတ်ဆုံစားပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ မိသားစုဝင်များနှင့်အတူ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

	ရန်ကုန်	မန္တလေး
နေရာ	- ရွှေတောင်တိုက်သစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဗားကရာတိုက်၊ ခေမာသီရိရပ်ကွက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။	- ဒိုးကွင်းပရဟိတကျောင်း၊ အနီးစခန်း ပြင်ဦးလွင်မြို့နယ်
နေ့ရက်	- ၂၁-၉-၂၀၁၃ရက်(စနေနေ့)	- ၂၂-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)
အချိန်	- နံနက် ၁၀ နာရီမှ ၁၂ နာရီထိ	- နံနက် ၁၀ နာရီမှ ၁၂ နာရီထိ

လျှပ်တပြက်ဂေါက်ရိုက်ပြိုင်ပွဲ

- ရွှေမန်းတောင်ဂေါက်ကွင်း၊
၂၁-၉-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁ နာရီ

မိသားစုမိတ်ဆုံစားပွဲ

နေရာ	- M3 Food စားသောက်ဆိုင်	- ရွှေဘဲစားသောက်ဆိုင်(မန္တလေး)
နေ့ရက်	- ၂၁-၉-၂၀၁၃ရက်(စနေနေ့)	- ၂၁-၉-၂၀၁၃ရက် (စနေနေ့)
အချိန်	- ညနေ ၆ နာရီ	- ညနေ ၆ နာရီ

လူမှုရေးကော်မတီ

ဦးတင်အောင်(အပုကြီး)

(ယခင်လိပ်စာ-No.၃၈၊ ၅လွှာ၊ ပန်းခြံလမ်း၊ နန္ဒဝန်ထိပ်၊ စမ်းချောင်းမြို့နယ်)
ကြော်ငြာတွေ့ရှိပါက ပြန်လည်ဆက်သွယ်ပါ။

ဦးကျော်သန်း(ပေါက်စ)
ဖုန်း-၀၉-၃၃၀၃၈၃၃၁၊ မန္တလေးမြို့ (ခေတ္တ-ရန်ကုန်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၂၉/က)၊ မြေကွက်တည်နေရာအမှတ်(၈၂၉)၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဦးစိန်လှိုင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်လှိုင်ကွယ်လွန်သဖြင့် ဒေါ်ကျင်မုံ[၁၂/ဥကတ(နိုင်)၁၂၂၆၈၃] က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FAME

Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

Nature A®
Carotenoids complex
သဘာဝဗီတာမင်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။

09 31589922
09 31268183

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၁၂ရက်ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၈) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးစိုးညွန့်၊ ဒေါ်ကြည်ကြည်ဌေး၏ မြေပုံကူးတွင် ဒေါ်လှမြင့်(ခ)မခင်ခင်စော (အပျိုကြီးဘဝဖြင့်)ကွယ်လွန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အထူးလျှော့ဈေး

အမျိုးအစားကောင်း (၈၀/၁၀၀) Grade ကတ္တရာများရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၃၂၀၄၈၊ ၀၉-၅၁၃၂၃၀၁၊ ၀၉-၅၀၂၁၅၃၈

စာအုပ်စာပေ လူ့မိတ်ဆွေ

MCC Training Institute

(၂၀၁၃) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများအတွက်

BIT (တွန်ပျူတာသိပ္ပံတွဲ)
- B.Sc (Hons) Business Information Technology
Awarded by: University of Greenwich(UK)

AIT (အင်ဂျင်နီယာသိပ္ပံတွဲ)
- Bachelor of Science in Engineering (B.S.E)
Awarded by: Asian Institute of Technology (AIT)

★ ထူးချွန်သော ကျောင်းသား ကျောင်းသူများအတွက် Scholarship အစီအစဉ်များလည်း ထားရှိပါသည်။ ★

MCC.i(Yangon Campus) - 01-245762, 01-249152, 01-248634, 01-395512
MCC.i(Mandalay Campus) - 09-91034661, 09-402671562, 02-77930
MCC.i(Naypyitaw Campus) - 067-421617 Ext: 108, 067-421198
MCC.i(Yatanarpon Campus) - 02-5178112, 02-5178113, 02-5178132, 09-43104966
Enroll Now!

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားစေလွှတ်မှုကိုယ်စားလှယ် (Student Recruitment Agent) [illegible]

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၉-၂၀၁၃** ရက်နေ့မှ စတင်၍ **၃၀-၁၀-၂၀၁၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၃** မှ **၃၀-၁၂-၂၀၁၃** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၆၅၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၆၆၀၀၀/-** ၊ တတိယနှစ် **ကျပ် ၆၇၀၀၀/-**ရရှိမည်။ ထို့အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး **ကျပ် ၃၀၀၀၀/-** အား ခံစားခွင့်ပြုသည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်၊

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

မုံလယ်ဝါတွင်းတရားစခန်းပွဲနှင့်အုတ်တံတိုင်း ခြံစည်းရိုးရေစက်ချပွဲ

မိုးကုတ်ဝိပဿနာမြန်ပွားရေး၊ မုံလယ်တောရမွှရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့တွင် ဝါတွင်း တတိယပတ် (၇)ရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယမုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၈ရက်မှ ၁၄ရက်)အထိ ၂၇-၉-၂၀၁၃ရက်မှ ၃-၁၀-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ယူဆောင်လျက် ၂၆-၉-၂၀၁၃ရက် နံနက် ၇ နာရီထက်မစော ညနေ ၄ နာရီထက်နောက်မကျစေဘဲ တရားစခန်းသို့ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။

မုံလယ်တောရမွှရိပ်သာကျောင်းတွင် **အုတ်တံတိုင်းနှင့်ခြံစည်းရိုး** လှူဒါန်းထားကြသောအလှူရှင်များ၏လှူဒါန်းမှုအစုစုအတွက် ကောင်းမှုအဖို့ဘာဂကို တရားစခန်းပွဲ၏ တတိယရက်ဖြစ်သော ၂၉-၉-၂၀၁၃ရက် နံနက် ၉နာရီတွင် တရားတော်နာ၍ ရေစက်သွန်းချအမျှပေးဝေမည် ဖြစ်ပါသဖြင့် အလှူရှင်များနှင့် မွေမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

အကြောင်းစုံသိလိုပါက ဖုန်း-၀၉၈၅၀၉၄၇၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉-၅၀၇၉၂၄၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

YWCA

ပန်းအလှပြင်ဆင်နည်းသင်တန်း

အခြေခံအဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း

နေ့ရက်	-	၂၃-၉-၂၀၁၃ မှ ၁၁-၁၀-၂၀၁၃
အချိန်	-	မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီ
နေရာ	-	YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း	-	၂၄၅၈၈၉၊ ၃၉၂၄၈၁။

မှတ်ချက်- ပါဝင်လိုသူများ ဓာတ်ပုံ ၂ ပုံ ယူဆောင်လာရန်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဇွေးချိုအထက ဒသမတန်း(F)မှ မောင်ကောင်း၏ဖခင်အမည်မှန်မှာ ဦးမောင်တီး[၁၃/မမန(နိုင်) ၀၁၁၉၆၈]ဖြစ်ပါသည်။ **ဦးမောင်တီး**

အမည်မှန်ဖြစ်ပါကြောင်း

လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ အထက(၂) ဆဋ္ဌမတန်း(က)မှ စိုင်းဆီနော်၏ ဖခင်အမည်မှန်မှာ စိုင်းဆန်ငင်း ဖြစ်ပါကြောင်း။
ဖခင်-စိုင်းဆန်ငင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မှ ဦးစီးကျင်းပမည့် 5th International Conference on Public Health among Greater Mekong Sub-regional Countries အား ပြည်တွင်းပြည်ပပညာရှင်များနှင့် ကျင်းပပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အနေဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် စာရင်းပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	၂၈-၉-၂၀၁၃ ရက်မှ ၂၉-၉-၂၀၁၃ ရက်အထိ
ကျင်းပမည့်နေရာ	-	အမျိုးသားဇာတ်ရုံ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)

အသေးစိတ်သိလိုပါက အမဲ့အနားကျင်းပရေးဦးစီးကော်မတီ (ဖုန်းနံပါတ်- ၀၁-၃၉၅၂၀၈၊ ၀၁-၃၉၅၂၀၉၊ ၀၁-၃၉၅၃၆၇)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ

ရွှေပလ္လင် TEA. COFFEE. NOODLES

ဆိုင် (၁) ဟံသာဝတီလမ်း 538736, 527850
ဆိုင် (၂) Ocean (North Point)
ဆိုင် (၃) Junction - 8
ဆိုင် (၄) Junction - Square
ဆိုင် (၅) Junction - Maw Tin

"ရွှေပလ္လင်လက်ဖက်ရည်"
အရမ်းကောင်းဆိုပဲ!

ဥတ္တရသီရိမြို့ **KEYSTONE** TEA. COFFEE. NOODLES. Ocean Supercenter

ဆိုင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ်
ဘာစားစား ...
လက်ဖက်ရည် တစ်ခွက် FREE!

၂၀၁၃ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ
နေပြည်တော်၊ ဥတ္တရသီရိဆိုင်အတွက် သာ ပါဝင်ပါသည်။

သာကေတမြို့နယ်၊ ရွှေစင်သာလမ်းမကြီး မြစ်ကြောင်းဘေးရှိ ...
HTET OO MARITIME TRAINING INSTITUTE

Whole Package နေစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ **BST** နှင့် **Pre-Sea** သင်တန်းများတက်ရောက်ခြင်း၊ **CDC / Passport** လျှောက်ထားခြင်းများကို (၅)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီး သင်တန်းကာလ (၂)ခုအတွင်း **နေ့လယ်စာ** နှင့် **Coffee** ကို အခမဲ့ကျွေးမွေးမည် ဖြစ်ပါသည်။

D.M.A အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်နေယာဉ်မှူး ၊ အင်ဂျင်နီယာမှူး အရာရှိအရာခံနှင့် ဆရာများ ကိုယ်တိုင် ကြီးကြပ်လျက် -

၁။ **BST (4 Tickets)** - (နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
၂။ **Tanker Familiarization Course (T.F)** -(နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်) **(Oil, Chemical, Liquefied Gas)**
၃။ **Pre-sea Course (Deck , Engine) - (Onboard Excursion)** သင်္ဘောပေါ်သို့ လေ့လာရေး ခရီး ပို့ဆောင်ပေးပါမည်။
၄။ **Deck Officer Class - 5 (NCV)** တို့ကို ဖွင့်လှစ်နေပြီဖြစ်သဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းလက်ခံဌာန

(၁) သာကေတမြို့နယ်၊ ရွှေစင်သာလမ်းမကြီး မြစ်ကြောင်းဘေးရှိ သင်္ဘောဆိပ်ကမ်းဝင်း အတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း
Ph/Fax:01-544562,098553104,Email: htetoo.maritime@gmail.com
(၂) အမှတ်-က/၁၆၈၊ ဒေါ်ပုံသင်္ဘောကျင်းလမ်း(ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်။
Ph: 09 421154222

ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန် လမ်းမကြီးနှင့် စပ်ဈေးအနီး မြေညီထပ်(၂) ခန်းတွဲ ရောင်းမည်။ ဆီးပွားရေးလုပ်ရန် အလွန်နေရာကောင်းသည်။
ဖုန်း-၀၉-၂၅၀၀၀၈၄၁၁၊ ၀၉-၂၅၀၀၈၇၇၇၇

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၉-၂၀၁၃ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၁)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ခင်ဝင်းမေ[၁၂/ တမန(နိုင်) ၀၂၄၇၃၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးအောင်သန်းဦး
[illegible]
ဖုန်း - ၀၉-[illegible]

CITY VIEW REAL ESTATE — အကျိုးဆောင်ခမရှိ မြို့ပေါ်ရှိ အရောင်းအိမ်များ

၁။ [illegible](ဂုတ်)	(50x60)[illegible]	မြေ	3000သိန်း
၂။ [illegible]	(40x60)MR,2BR,[illegible]	3RC	2750သိန်း
၃။ [illegible]	(34x180)[illegible]	မြေ	2700သိန်း
၄။ [illegible]	(29x60)[illegible]	မြေ	1600သိန်း
၅။ [illegible]	(50x40)[illegible]	မြေ	1600သိန်း
၆။ [illegible]	(1400sqft)[illegible]	Lift	2200သိန်း
၇။ [illegible] Strand Condo	(1300sqft)[illegible]	Lift	1800သိန်း
၈။ [illegible]	(1800sqft)MR,BR,[illegible]	Lift	1750သိန်း
၉။ [illegible] CityMart [illegible]	(1200sqft)MR,BR,[illegible]	Lift	1000သိန်း
၁၀။ [illegible]	(1200sqft)2BR,AC	Lift	950သိန်း
၁၁။ [illegible]	(15x60)[illegible]	GF([illegible])	2100သိန်း
၁၂။ [illegible]	(30x50)BR,[illegible]	1F	1200သိန်း
၁၃။ [illegible]	(20x55)Hall,[illegible]	GF	750သိန်း
၁၄။ [illegible]	(17x57)[illegible]	1F	550သိန်း
၁၅။ [illegible]	(15x60)BR,[illegible]	2F	550သိန်း

Ph: 392728,095208126,095179976,098587727

DORA (Photo Lab and Studio)
ရန်ကင်းစင်တာ၊ Ph: 09-5152619
NORITSU ဓါတ်ပုံစက်ဖွား
ကျွမ်းကျင်ဝန်ထမ်းတစ်ဦးအလိုရှိပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အများသိစေရန်အသိပေးကြော်ငြာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပင်းယ (၁၈)လမ်း၊ အမှတ်(၁၀၂၅)နေ ကျွန်မ မထွေးထွေးစိန် (S/OKA-122482) ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ကျွန်မ၏ ခင်ပွန်းဖြစ်ခဲ့သူ မောင်ကျော်သက် (ခ) အဒ္ဒုဂျမာ မှတ်ပုံတင်အမှတ် (BSNW-၂၅၇၆၂၃) ကိုင်ဆောင်သူသည် မိသားစုအား အကြိမ်ကြိမ်ဖုတ်တွယ်ကြေး၍ မိသားစုပိုင်ငွေကြေးနှင့် ပစ္စည်းများအပေါ် အလွဲသုံးစားပြုလုပ်၍မိသားစုများသိရှိခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားသဖြင့် ခင်ပွန်းသည်အဖြစ်မှ မသက်ဆိုင်ကြောင်းနှင့် မိသားစုစာရင်းမှ အပြီးတိုင် ပယ်ဖျက်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ သက်ဆိုင်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာလိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မထွေးထွေးစိန်

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၁၀၆/ဘီ)ဟု ခေါ်တွင်သည့် အကျယ်အဝန်း ($\frac{၃၃၀၀}{၅၅ ၆၀}$ ×၁၄၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဝင်းဝင်းမော် (S/OKA-၀၉၂၆၇၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ (စဥ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊
၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၆၈၆၀၇

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့်

အသက်(၆၅)နှစ်

လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ အေးရိပ်မွန်လမ်းမကြီး၊ အမှတ်(၂၅/ခ)နေ လျှပ်စစ်ဝန်ထမ်းဟောင်းများ အသင်းဝင် ဦးကျော်မြင့်သည် ၁၅-၉-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း

အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၅၄လမ်း(အောက်)၊ အမှတ်(၄၀)၊ ပထမထပ်၊ အခန်း(၇)နေ ဒေါ်တင်ဝင်း[၁၂/ဗတထ(နိုင်)၀၁၄၇၄၂]၊ မသူဇာညွန့်[၁၂/ဗတထ(နိုင်)၀၁၄၇၃၀] နှင့်ကိုနေလင်း[၁၂/ဗတထ(နိုင်) ၀၃၁၅၁၇]တို့၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကြော်ငြာလိုက်သည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အမှတ်(၃၈၂)အောင်ရတနာ(၁၃)လမ်းရှိ နေအိမ်နှင့်မြေကွက်အကျယ် (၂၅ပေ×၅၀ပေ)ရှိမြေကွက်၊ TOYOTA CRENA (Taxi) ကားအမှတ် ၅ဃ/၃၁၁၀ နှင့် GSM-095079477 တို့ သည် ကွယ်လွန်သူ ဦးစောမောင်[၁၂/ဒပန(နိုင်)၀၀၄၇၁၂]ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ဦးစောမောင်သည် ၂-၈-၂၀၁၃ရက်က ကွယ်လွန်ခဲ့ပါသည်။

ထိုပစ္စည်းများသည် ဇနီးဒေါ်တင်ဝင်း၊ သမီးမသူဇာညွန့်၊ သားကိုနေလင်းတို့၏ အမွေပစ္စည်းများဖြစ်ကြောင်း မည်သူမျှအမွေဆိုင်များ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြော်ငြာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရွှေလှိုင်တင်(စဉ်-၅၉၇၈)

BA,HGP,RLI,DBL

Advocate Ship Part II

ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများဥပဒေအကြံပေး

အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၇၃၀၀၃၀၅၄၊ ၀၉-၄၂၁၁၀၆၈၂၈

အများသိစေရန် ကြေညာခြင်း

[illegible]

Mitsubishi Colt [illegible] (Taxi) [illegible]

[illegible]

ဗိုလ်ချုပ်ဇေယျကျော်ထင် တင်ထွန်း

၁၉-၉-၂၀၀၇ မှ ၁၉-၉-၂၀၁၃

ရက်တွေ၊ လတွေ၊ နှစ်တွေပြောင်းတာ၊ ဆုံးရှုံးသွားခဲ့ရတာ (၆)နှစ်ပြည့်မြောက်ပါပြီ။ သတိရတိုင်း လုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် သံယောဇဉ်ကြီးမားတဲ့ သူငယ်ချင်းကို အမြဲသတိတရပြောဆိုလျက်ရှိပါတယ်။ ယခုရောက်ရှိဘုံဘဝမှ အဆင့်ဆင့် တက်လှမ်းရောက်ရှိနိုင်ပါစေ။

ဥက္ကဌနှင့်ဇနီး

ဒါရိုက်တာအဖွဲ့ဝင်၊ မိသားစုများ

ဗိုလ်မင်းဗိုလ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြမြကြည်(မြောင်းမြ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ (၅)လမ်း(မြောက်)၊ အမှတ် (၇၅)နေ (ဦးညွန့်-ဒေါ်ထွေးရှင်)တို့၏ သမီး၊ (ဗလ ဦးစံသင်)၏ဇနီး၊ (ဒေါ်သန်းသန်းတင်)၏ညီမ၊ (ကပ္ပတိန်ဦးမင်းလွင်)၊ ဒေါ်မြမြသန်းလွင်၊ ဒေါ်သန်းသန်းရီ-ဦးသာထွန်း၊ (ဒေါ်ထားထားခင်)၊ (ဗိုလ်ကြီးခင်မောင်ကျော်)တို့၏အစ်မ၊ (ဗိုလ်မှူးအောင်ကျော်မြင့်)-ဒေါ်စောနန်းမို့မို့၊ ဦးလှမြင့်(ခရိုင်ဥပဒေအရာရှိ-ငြိမ်း)-ဒေါ်ခင်အေးမြတ်၊ ဒေါ်အေးအေးမာ-ဒေါက်တာကျော်ဇော၊ ဒေါ်ငွေငွေမာ-ဦးမြင့်အောင်တို့၏ မိခင်၊ တူ လေးယောက်၊ မြေးခုနစ်ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၁၆-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ရဲမှူးကြီးထွန်းမြင့်(ငြိမ်း) CID

ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၃)နှစ်ပြည့်သွားသော်လည်း နေ့စဉ်လွမ်းဆွတ်တသ သတိရလျက် ရှိကြပါသည်။ ဖခင်ကြီးအားရည်စူး၍ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ဝေဘာဂီလမ်းရှိ ဦးလောကပါလ (ဆရာကြီး ဦးမျိုးလွင်)၏ သက်ကြီးရွယ်အို ဦးစားပေးတရားရိပ်သာတွင် ဆွမ်းပဒေသာပင် (၂)သိန်းကျပ် ဒုတိယအကြိမ် စိုက်ထူခြင်းနှင့် လှူဒါန်းသမျှ ကုသိုလ်အဝဝကို အမျှပေးဝေပါ၏။ ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အမျှ- အမျှ- အမျှ

ဇနီး ဒေါ်ကြည်ကြည် (ထ-၁၊ အင်းစိန်၊ ငြိမ်း)နှင့်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မမ (ပြင်ဦးလွင်) အသက်(၈၉)နှစ်

လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ စီးပွားရေးတက္ကသိုလ်(ငြိမ်း)

ဌာနမှူး၊ စက်မှုစီမံကိန်းဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ အမှတ် (၆၅)၊ (B/2C) ကမ္ဘာအေးစေတီလမ်းနေ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေ၊ လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း နာယက၏ဇနီး ဒေါ်ခင်မမ(ပြင်ဦးလွင်)သည် ၁၅-၉-၂၀၁၃ရက် နံနက် ၅း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း

ဗိုလ်ချုပ်ဇေယျကျော်ထင် တင်ထွန်း

ကွယ်လွန်ခြင်း-(၆)နှစ်ပြည့်

၁၉-၉-၂၀၁၃

အရေးကိစ္စ ပေါ်ပေါက်လာသောအခါ အဆွေခင်ပွန်းရှိခြင်းသည် ချမ်းသာ၏။ ရ, ရသမျှသော ပစ္စည်းဥစ္စာနှင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ အသက်ကုန်ချိန်ရောက်သောအခါ၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။ အလုံးစုံသော ဝဋ်ဆင်းရဲကင်းခြင်းသည် (နိဗ္ဗာန်သည်)ချမ်းသာ၏။
(ဓမ္မပဒ-တဏှာဝဂ်-မာရဝတ္ထု # ၃၃၁)
ပြုမြဲ-ပြုဆဲ ကောင်းမှုအစုစုကို အမျှပေးဝေလျက်-
အမျှရ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲရပါကြောင်း

လူဆိုတာ သေမျိုးရှည်းပဲလေ . . .

[illegible]

ဝမ်းနည်းကြေကွဲရပါကြောင်း

[illegible] (ဆင်တဲ၀)၏ ဖခင် ဦးစံဒေဝ် (ကျောက်ဖြူ / တောင်သာ) [illegible] နှင့် ဒေါ်ခေမာ [illegible] သည်

၈-၉-၂၀၁၃ ရက် ည ၉ နာရီ ၃၀ မိနစ်အချိန် [illegible] ကွယ်လွန်သွားကြောင်း [illegible] ဝမ်းနည်းကြေကွဲ ရပါကြောင်း။

ကိုခွန်ပြည်သော၊ ဇနီး နှင့် ပြည်သော ပုံနှိပ်တိုက်အဖွဲ့သားများ

